# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက် ၊ တနင်္လာနေ့ ၊ (3-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများကို ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။









ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# အထွေထွေရွေးကောက်ပွဲ နှောင့်ယှက်ဟန့်တားသူများကို ဆန့်ကျင်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော အမျိုးသားရေးလုပ်ငန်းစဉ် တစ်ခုဖြစ်ပြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းနေသည့် မြန်မာနိုင်ငံအတွက် ဦးစားပေးအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည့်ပင်ဖြစ်ပါသည်။

ထိုသို့ ပြည်သူများလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်အစိုးရသည် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်နေချိန်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်အတွက် နှောင့်ယှက်ဟန့်တားသူများလည်းရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်ကြသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူကြရမည်သာဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၀၂၅ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့ နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်အသိပေးထားသည်။ ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီကိုဖွဲ့စည်းပြီး ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်ကြသူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်ထိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည့်အမှုပေါင်း ၄၀ တွင် ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၈၈ ဦးရှိခဲ့ပြီး ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်မှုများရှိခဲ့ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပေသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍများအလိုက် စည်းရုံးလှုံ့ဆော်မှု၊ အသိပညာပေးမှုများကို ပြုလုပ်လျက်ရှိသည်။ နိုင်ငံ့အကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများသည် ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ခြင်းသည် နိုင်ငံသားကောင်းပီသခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖြစ်သည့် ရွေးကောက်ပွဲအောင်မြင်ရေးတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မီဒီယာအမည်ခံအကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားသူများကို ထောက်ခံအားပေးခဲ့ကြသူတို့ကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကိုနှောင့်ယှက်ဟန့်တားလိုသူများအား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အမျိုးသားအကျိုးစီးပွားကိုဆောင်ကြဉ်းမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် နှောင့်ယှက်ဟန့်တားသူများကို ဆန့်ကျင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၅၅ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၃၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၃၈၃ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၃၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၂၄၇၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၃၈၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခဆန်၂၄ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြ၍သိရသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ကန့်ကြီးထောင့်မြို့နယ်ကနေ မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန့်ကြီးထောင့် မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ မနောသုခဆန်တွေကို ကုန်းလမ်းနဲ့ အဓိက ထားတင်ပို့ရောင်းချနေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းယန်းမြို့နယ် ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရှဲကျင်ပုံလုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ရှစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက မိဘများဖြစ်သော ဦးဘမှီ-ဒေါ်ခင်မြိုင်တို့ကိုရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ် ၁၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစုစုပေါင်းဧက ၂၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ဧက ၂၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၈၄ ဧကနှင့်ဖူးစားပြောင်း ၁၉၃၂၇ ဧက စုစုပေါင်း ၂၂၈၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၂၅ ဧကနှင့် ဖူးစားပြောင်း ၂၄၇၅ ဧက စုစုပေါင်းဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၂၈၁၁ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျွဲကျောင်း(တ) ကျေးရွာနှင့် ကျွဲကျောင်း(မ) ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာ ၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွဲကျောင်း(တ)ကျေးရွာနှင့် ကျွဲကျောင်း(မ)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ပခန်းဆန်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းဆန်တွေက အရည်အသွေး တော်တော်ကောင်းကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းထဲက ဆန်၊စပါးဈေးကွက်မှာကို ပခန်းဆန်က အဝယ်လိုက်နေပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပခန်းဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ဆန်၊စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နှိုင်းယှဉ်ခြင်းဖြင့် သိမြင်နားလည်ရခြင်း

**ချစ်နိုင်(စိတ်ပညာ)**

ဘယ်သူဘယ်ဝါဖြစ်ဖြစ်၊ အသက် ၂၀ ဖြစ်ဖြစ်၊ ၈၀ ဖြစ်ဖြစ်၊ သင်ယူမှုကို ရပ်တန့်လိုက်ရင် သူဟာ အိုမင်းသူပဲ။

တစ်စုံတစ်ယောက်ဟာ သင်ယူမှုကို ဆက်လက်လုပ်ဆောင်နေတယ်ဆိုရင် သူဟာ ငယ်ရွယ်နုပျိုနေဆဲဆိုရမယ်။ ဘဝမှာအရေးအကြီးဆုံးအရာက စိတ်ကိုနုပျိုနေအောင် ထားတတ်ဖို့ပဲ။ အဲဒါက အမြဲတစေ သင်ယူလေ့လာလိုစိတ် ဖြစ်ပါတယ်။

**ဟင်နရီဖို့ဒ်(၁၈၆၃-၁၉၄၇)**
**ဖို့ဒ်ကားကုမ္ပဏီပိုင်ရှင်သူဌေး**
(အမေရိကန်ပြည်ထောင်စုကို ၂၀ ရာစုတွင် စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲစေခဲ့သူ စွန့်ဦးတီထွင်လုပ်ငန်းရှင်)

တကယ်တော့ ဇာတ်ဆရာ ဦးစိန်ကတုံး အကြောင်းကို ယခင်က ဘာမှရေရေရာရာ မသိခဲ့ပါ။ ဂရိတ်ဦးဖိုးစိန်ကတော့ ရုပ်ရှင်အဖြူအမည်းနဲ့လည်း မြင်ရဖူးတယ်။ ဇာတ်ထုတ် ခွေတ်ပြား၊ နှစ်ပါးသွားများလည်း နားထောင်ဖူးတယ်။ ဆရာ ဦးသိန်းဖေမြင့် ရေးတဲ့ ရုပ်ပုံလွှာအတ္ထုပ္ပတ္တိလည်း ရှိခဲ့သေးတယ်။ နာမည်ကျော်တာ၊ ချမ်းသာတာလည်း ဖိုးစိန်က စိန်ကတုံးထက် သာလွန်ထင်ရှားပါတယ်။

ဦးစိန်ကတုံးထက် ဦးဖိုးစိန်က နိုင်ငံအဝန်း ပိုမိုထင်ရှားအောင်မြင်ပေမယ့် ဦးစိန်ကတုံးရဲ့ ပညာဂုဏ်၊ ကိုယ်ကျင့်တရားဂုဏ်နဲ့ အနုပညာမြတ်နိုးလေးစားတတ်ပုံတွေမှာတော့ အခြားဇာတ်ဆရာများထက် သာပုံရပါတယ်။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးစတဲ့ မြန်မာဇာတ်သဘင်လောက မင်းသား မင်းသမီးတွေမှာ ဇာတ်ဆရာ ဦးစိန်ကတုံးရဲ့ အရည်အသွေးကို လူထုဒေါ်အမာရေးတဲ့ သူတို့အကြောင်း ဖတ်ရတဲ့အခါ ပိုပြီးလေးစားအားကျ အတုယူစရာတွေ အများကြီး သိရမှတ်ရပါတော့တယ်။ လူထုဒေါ်အမာက သုတေသနလုပ်ငန်း သိပ်ကောင်းပါတယ်။ စာဖတ်သူကို နားရှင်းအောင်၊ ဖတ်ချင်စဖွယ်ကောင်းအောင် ရေးတတ်တဲ့နေရာမှာလည်း ထူးခြားထူးချွန်တဲ့ စာရေးဆရာမကြီးမို့ပါ။

လူထုဒေါ်အမာက ထူးချွန်တဲ့အနုပညာရှင်တွေကို အမှတ်တရ ဂုဏ်ပြုမှတ်တမ်းတင်ရေးဖွဲ့ခဲ့တာများဟာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရာမှာ အင်မတန်ကြီးမားတဲ့ အကိုးအကား၊ အထောက်အထား၊ အသိပညာ၊ အတတ်ပညာတွေ ဖြစ်နေပါတော့တယ်။ လူထုဒေါ်အမာရေးခဲ့တဲ့ ပြည်သူချစ်သော အနုပညာသည်များ၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ရွှေမန်းတင်မောင်၊ အငြိမ့် စတဲ့စာအုပ်များဟာ အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်နဲ့ အခြားတက္ကသိုလ်ကြီးများရဲ့ မြန်မာစာဌာန၊ သမိုင်းဌာနတွေရဲ့ ပြဋ္ဌာန်းချက်၊ ကိုးကားစရာ ကျမ်းစာများဖြစ်လောက်ပါတယ်။ ဘယ်ပညာမဆို အဟောင်းစံတင် အသစ်ထွင်ကြရပေတာကိုး။ စုဆောင်းလေ့လာ ကျယ်ပြန့်စွာ ရှာဖွေမှတ်သားကြရတယ်။ အတုယူပြီး လေ့လာနည်းယူချက်ကို တတ်မြောက်ကျွမ်းကျင်အောင် အကြိမ်ကြိမ်အခါခါ လေ့ကျင့်ကြရတယ်။ အချိန်ပေးပြီး စိတ်ရှည်ရှည် လေ့ကျင့်လာရင်းမှ မသိခဲ့တာတွေ ကိုယ်တိုင်သိမြင်လာရတယ်။ နားမရှင်းခဲ့တာတွေဟာလက်တွေ့လေ့ကျင့်လာမှအဖြေတွေ့လာရတယ်။

အတုယူလေ့ကျင့်စရာ နည်းစနစ်၊ အခြေခံသဘောတရားနဲ့ ဆောင်ရွက်စဉ် (Policy, Principle, Procedure, Process) အစရှိတဲ့ အလုပ်သဘောတွေဟာ အနုပညာဖြစ်စေ၊ အတတ်ပညာဖြစ်စေ၊ ကိုယ်တိုင်လေ့ကျင့်မှု (အချိန်ယူရင့်ကျက်မှု) အရည်အသွေး ဆိုတာ တိုးတက်တာ။ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အတွေးနဲ့ တီထွင်ဆန်းသစ်တာတွေ ဖော်ထုတ်လာနိုင်ပါတယ်။

ဆရာ ဂီတလုလင်မောင်ကိုကို စန္ဒရားတီးပြီး အဆိုတော် တင်တင်မြသီဆိုတဲ့ ပန်းမြိုင်လယ်၊ ယမုံနာ၊ လျှပ်ပန်းခွေနွဲ့ အစရှိတဲ့ သီချင်းကြီးများကို ၁၉၆၀-၇၀ ကာလဆီမှာ မူလရေးမူတီးရိုးတီးစဉ် အတိုင်း မဟုတ်ဘဲ အကွန့်၊ အညွန့်၊ အဟန့်၊ အတန့်၊ အကြို၊ အကျော် တီးပုံတီးကွက် ထူးခြားဆန်းသစ်အောင် အတီးပိုဒ်မှာ လက်စွမ်းပြထားခဲ့ပါတယ်။

**❖ လူဆိုတာလူဖြစ်လာကြတဲ့ လူချင်းတော့ အတူတူပဲ။ သို့သော် လာရာမတူတော့ လားရာမတူဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ၊ စေတနာ မတူခဲ့ကြလေတော့ အကျိုးပေးအဆင့်အတန်းချင်းမတူကြဘူး။ ကွဲပြားကြပါတယ်။ အရှေ့နဲ့အနောက်နဲ့မတူ၊ အပူနဲ့အအေးနဲ့မတူ။ အဝေးနဲ့ အနီးနဲ့မတူ။ အဖြူနဲ့အမည်းမတူ။ သဘောသဘာဝချင်းမတူ။ လောကမှာ ခွဲခြားထားတဲ့အပိုင်းအခြား၊ အကန့်အသတ်ဆိုတာလည်း ရှိကြတယ်။ မတူတာကို တစ်တန်းတည်း သတ်မှတ်စဉ်းစားလို့မရဘူး။ မတူကွဲပြားတာကို သိသာအောင် နမူနာသာဓက ပြပါရစေ။ ပညာရေးမှာ အခြေခံနဲ့အဆင့်မြင့်ဆိုတာ ခွဲခြားထားတာကြည့်ပေတော့။ ❖**

မှတ်မှတ်ရရ ၁၉၆၇ ခုနှစ်လောက်က စာရေးသူ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားဘဝမှာ သင်္ချာဆရာ ဦးဘမင်း(ထိုစဉ်က လက်ထောက်ကထိကလား မသိပါ)။ သင်္ချာသင်ခန်းစာသင်နေရင်းကနေ အချိန် ၁၅ မိနစ်စာ မြန်မာ့ဂီတကြောင်း ပြောပြချင်တယ်ဗျာ ဆိုပြီး သူ့ရဲ့သင်္ချာဘာသာနဲ့ဘာမှမဆိုင်တဲ့ ဂီတအနုပညာ စန္ဒရားလက်သံအကြောင်း စိတ်ပါလက်ပါ ပြောပါတော့တယ်။

အချိန်က နေ့လယ်ပိုင်း၊ ပူလောင်အိုက်စပ်တဲ့ မန္တလေးနေ့ခင်း၊ ထရံကာသွပ်မိုး စာသင်ခန်းကြီးထဲမှ ကျောင်းသူ၊ ကျောင်းသားတွေရဲ့မျက်နှာမှာ ခက်ခဲတဲ့ ကပ်ကူးလပ်စ်သင်္ချာပုစ္ဆာဖြေရှင်းနည်း တွက်ချက်နည်းတွေက (မှန်တာပြောရရင် စိတ်ဝင်စားစရာမကောင်းဘဲ) အများစုက အိပ်ငိုက်ချင်နေကြတဲ့ ငေးတေးတေး မျက်နှာထားများဖြစ်နေတာ ဆရာအကဲခတ်မိပုံရပါတယ်။

မိုးတိမ်တွေအုံ့ဆိုင်းပြီး လေငြိမ်လို့ အိုက်စပ်စပ်ရာသီဥတု အငွေ့အသက်အခြေအနေမှာ ဆရာဦးဘမင်းဟာ တင်တင်မြသီဆိုတဲ့ လျှပ်ပန်းခွေနွဲ့ သီချင်းကြီးကို စည်းကိုက်ဝါးကိုက်၊ ကီးကိုက်သီဆိုပြလိုက်၊ စာသားအဓိပ္ပာယ်ကို စန္ဒရားတီးတဲ့ ဂီတလုလင်မောင်ကိုကိုက ဘယ်သို့ဘယ်ပုံ လူးကာလိမ့်ကာ မြင်ယောင်ကြားယောင်အောင် ဂီတအသံနဲ့ သရုပ်ဖော်တင်ဆက်ကွန့်မြူးပုံများ စသဖြင့် စိတ်ရော ကိုယ်ပါရှင်းပြတော့ကျောင်းသူ၊ကျောင်းသားအားလုံး ခေါင်းတွေထောင်၊ မျက်လုံးတွေကျယ်၊ နားထောင်လို့မဝ၊ ဂီတအနုပညာဟောပြောချက်ကို နှစ်သက်လေးစားစွာ တအံ့တသြ နားထောင်နေကြတာလေ။ အပ်ကျသံတောင် ကြားရလောက်အောင် ငြိမ်သက်၊ အာရုံစူးစိုက်။

စာသင်ချိန်စေ့လို့ ခေါင်းလောင်းတီးတော့ ဆရာ ဦးဘမင်းပြောတဲ့အတိုင်း ၁၅ မိနစ် အချိန်စေ့ပါပြီ။ ကျောင်းသားတွေက နောက်တစ်ချိန်ဆက်ပြောပါအုံး ဆရာလို့ တောင်းဆိုကြတော့ နောက်တစ်ခါဆုံသေးတာပေါ့ဆိုပြီး နှုတ်ဆက်ဆင်းသွားတယ်။ စာသင်တဲ့ စင်မြင့်ပေါ်မှ။

ဒီသင်္ချာဆရာ ဦးဘမင်းဟာ ကက်ဆက်ခွေတွေပေါ်တဲ့ခေတ်ကာလမှာ မြို့မတီးဝိုင်းက သီချင်းတွေ၊ မာမာအေးနဲ့ ဆိုင်းဆရာ စိန်စတင်းတို့ရဲ့ ဆရာမြို့မငြိမ်း၊ ဆရာနန်းတော်ရှေ့ ဆရာတင်တို့ရဲ့ သီချင်းတွေ ထုတ်လုပ်ခဲ့တဲ့ လှိုင်းတေးသံသွင်း ထုတ်ဝေသူဆရာ ဦးဘမင်းပါပဲ။ ကျွန်တော်တို့ကို သင်္ချာသင်ခန်းစာ သင်ကြားပို့ချရင်း အိပ်ငိုက်လို့ဒဏ်ပေးတဲ့အနေနဲ့ လျှပ်ပန်းခွေနွဲ့သီချင်းကြီးနဲ့ မျက်လုံးကျယ်အောင် အနုပညာအစွမ်းပြခဲ့တဲ့ဆရာပါ။ ကွယ်လွန်ရှာပါပြီ။ သူ့ရဲ့စွမ်းဆောင်ချက်တွေဟာ နှစ်ပေါင်း ၇၀ လောက်ရှိခဲ့ပေမဲ့ အံ့သြစရာဉာဏ်ပညာနဲ့ စေတနာမြင့်မားသော ပုဂ္ဂိုလ်ပါ။

တစ်နေ့သောအခါ အကြောင်းတိုက်ဆိုင်လို့ စာရေးသူက ဂီတလုလင်မောင်ကိုကိုအား အနောက်နိုင်ငံ အနုပညာတက္ကသိုလ်က Ph.D ဒေါက်တာဘွဲ့ ဂုဏ်ပြုချီးမြှင့်ကြောင်းသတင်းကို ဝမ်းသာဂုဏ်ယူမိကြောင်း ပြောဖြစ်ပါတယ်။

မန္တလေးအသိုက်အဝန်းနဲ့မဝေးတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဝင်ပြောပါတယ်။ ဆရာမောင်သာရက သူ့ကို ပြောဖူးသတဲ့။

"ဂီတလုလင်မောင်ကိုကိုရဲ့ သီချင်းကြီးတွေကို လက်စွမ်းပြစန္ဒရားလက်ရာတွေနဲ့ ထူးခြားဆန်းသစ်အောင်တီးပြတာတွေက ကောင်းပါတယ်။ ချီးကျူးစရာကောင်းတာလည်း အမှန်ပါပဲ။ တော်ပါပေတယ်တဲ့။ ပြီးတော့ စန္ဒရားလှထွတ် အဲဒီသီချင်းကြီးတွေကို ဆန်းသစ်တီထွင်မှု အကွန့်၊ အညွှန့်၊ အကွက်၊ အပြောက်အမွမ်းတွေနဲ့ တီးပြတာနားထောင်ဖူးတယ်။ စန္ဒရားလှထွတ်က ပိုပြီးထူးခြားတယ်တဲ့။ မပြီးသေးဘူး။ မန္တလေးက စန္ဒရားကိုသိန်းမောင် (မြို့မတီးဝိုင်းမှာ တစ်ခါတစ်ရံ ပါဝင်တီးပေးဖူးသူ) တင်တင်မြဆိုတဲ့ သီချင်းကြီးတွေကို အနောက်တိုင်းစနစ်နဲ့ စန္ဒရားတီးပြတာကမှ လက်ဖျားခါလောက်အောင် အကောင်းဆုံးလို့ အကဲဖြတ်သတဲ့"

ဆရာဦးကိုကို၊ ဆရာဦးလှထွတ်၊ မန္တလေးကိုသိန်းမောင်၊ ဆရာမောင်သာရ။ ဘယ်သူမှ မရှိကြတော့ပါ။ ဘယ်သူဘယ်ဝါပြောခဲ့တာက မှန်တယ် မှားတယ်လည်း ဆွေးနွေးငြင်းခုံနေစရာ မလိုတော့ပါ။ အမြဲတမ်း စိတ်အားထက်သန်တဲ့ သင်ယူလိုစိတ်နဲ့ အဆက်မပြတ် လေ့ကျင့်နေသူမှန်သမျှကတော့ ပညာတိုးနေတာပဲ။ အဆင့်မြင့်သည်ထက် မြင့်နေတာပဲ။ လက်ဝှေ့သမားတွေထဲက ချန်ပီယံဆုဆွတ်ခူးကာကွယ်နိုင်သူတွေကြည့်ရင် သဲသဲမဲမဲ လေ့ကျင့်နေတာပဲ။ ဖိလစ်ပိုင်က မန်နီပတ်ကွီယို(ဝိတ်တန်းရှစ်ခုစလုံး ချန်ပီယံခါးပတ်ယူခဲ့သူ) အမေရိကန်မှ တဲရင့်စ်ကရောဖို့ဒ်၊ ယူကရိန်းမှ အိုလက်ဇန်းဒါးအူးဆစ် စတဲ့ ကမ္ဘာ့လက်ဝှေ့ကျော်များဟာ သံမဏိဖြစ်အောင် မီးဖုတ်ရသလို သဲသဲမဲမဲ အကြမ်းခံလေ့ကျင့်ကြရပေတာပဲ။သူများတကာကိုအလဲထိုးအနိုင်ယူပေတာပေါ့။

လိုင်ယွန်နယ်မက်ဆီ၊ ခရစ်စတီယာနိုရော်နယ်ဒိုစတဲ့ ရွှေဘောလုံးဆု၊ ရွှေဖိနပ်ဆုအခါခါရခဲ့သူ ကမ္ဘာကျော် ဘောလုံးသမားတွေကို ကြည့်လိုက်ပါ။ နေ့ညမရှောင်အပင်ပန်းခံပြီး လေ့ကျင့်ခဲ့တာတွေ့ရမယ်။ အသက်မွေးဝမ်းကျောင်းပညာကို သာမန်တတ်မြောက်ရုံမျှနဲ့ မရပ်တန့်ဘူး။ ထူးခြားထူးချွန်အောင် အပင်ပန်းခံပြီး စိတ်ဝင်တစား၊ စိတ်အားထက်သန်၊ ဇွဲလုံ့လနဲ့ လေ့ကျင့်ရေးကွင်းမပျက်အောင် ဆင်းခဲ့ကြတယ်။

လူဆိုတာ လူဖြစ်လာကြတဲ့ လူချင်းတော့ အတူတူပဲ။ သို့သော် လာရာမတူတော့ လားရာမတူဘူး။

ကံ၊ ဉာဏ်၊ ဝီရိယ၊ စေတနာ မတူခဲ့ကြလေတော့ အကျိုးပေး အဆင့်အတန်းချင်း မတူကြဘူး။ ကွဲပြားကြပါတယ်။ အရှေ့နဲ့အနောက်နဲ့မတူ၊ အပူနဲ့အအေးနဲ့ မတူ။ အဝေးနဲ့အနီးနဲ့မတူ။ အဖြူနဲ့အမည်းမတူ။ သဘောသဘာဝချင်း မတူ။

လောကမှာ ခွဲခြားထားတဲ့ အပိုင်းအခြား၊ အကန့်အသတ်ဆိုတာလည်း ရှိကြတယ်။ မတူတာကို တစ်တန်းတည်း သတ်မှတ်စဉ်းစားလို့ မရဘူး။

မတူကွဲပြားတာကို သိသာအောင် နမူနာသာဓက ပြပါရစေ။ ပညာရေးမှာ အခြေခံနဲ့ အဆင့်မြင့်ဆိုတာ ခွဲခြားထားတာ ကြည့်ပေတော့။

အခြေခံပညာရေးမှာလည်း အဆင့်ထပ်ပြီး ကွဲပြားခြားနားပါသေးတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတဲ့။ တွေ့ပြီလား။

အဆင့်မြင့်ပညာမှာလည်း လေးနှစ်နဲ့ဘွဲ့ရတဲ့ ပညာရပ်ရှိတယ်။ ခြောက်နှစ်တက်ရတဲ့ ပညာရပ်ရှိတယ်။ ရှစ်နှစ်သင်ယူရတဲ့ ပညာရှိတယ်။ ထားပါတော့လေ။ အဆင့်တွေရှိတယ်။ အလွှာတွေရှိတယ်။ အတန်းတွေ ရှိပေတယ်။ သူငယ်တန်းက တက္ကသိုလ်ဝင်တန်းကို အတူတူပဲလို့ဆိုရင် ကျောင်းသားချင်းတော့ တူပါတယ်။ ပညာအတန်းချင်းတော့ မတူဘူးဆိုတာ ခွဲခြားနှိုင်းယှဉ်သိမြင်ရပေမယ်။ ခွဲခြားနားလည်ဆုံးဖြတ်တတ်ပါစေ။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၉၃၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဗိုလ်ကိတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၉၃၈ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဗိုလ်ကိတ်ပဲ ၄၉၃၈ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲကို ဧက ၄၉၀၀ ကျော်ထိ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဗိုလ်ကိတ်ပဲ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က စိုက်ပျိုးမဲ့ဗိုလ်ကိတ်ပဲတွေ အပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံး ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့အထွက်နှုန်းကောင်းစေဖို့ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာတွေ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲတတ်စေဖို့ ရွေတာအသုံးပြုဖို့နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးဖို့ ကျန်တဲ့သီးနှံတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပင်းတယမြို့နယ် ပေါစံသီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံးကျေးရွာအုပ်စု ပေါစံသီးကျေးရွာ၌စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသိန်းက ပေါစံသီးကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် စီမံကိန်းတာဝန်ခံတို့က အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ပေါစံသီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၀၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါစံသီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၉ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## ကထိန်သဘင် ဆင်ယင်ရွှင်ပြုံး တန်ဆောင်မုန်း

- လတန်ဆောင် သမယ
  ရောက်ရှိစ အချိန်တွင်၊
  ကထိန်အလှူ သဘင်ပွဲ
  ဆင်နွှဲကာပင်၊
  မြန်ပြည်တစ်ခွင်
  လူတိုင်းပင် စိတ်ရွှင်ပျ၊
  စိတ္တရွှင်ပြုံး
  တန်ဆောင်မုန်းဟု တင်စားကာ
  ဆိုငြားဖွယ်ပ။

- ကထိန်မည် "ကထိန"
  ဒါနပွဲနွှဲပုံမှာ၊
  တစ်နှစ်တာလုံးမှာမှ
  တစ်လတည်းသာ၊
  တစ်လတာမှာ
  တစ်ကြိမ်သာ ပြုခွင့်ရပြီး၊
  ရဟန်း သံဃာ
  ဂုဏ်ကိုးဖြာ ရည်မျှော်မှန်းသည့်
  လှူဒါန်းမှုကြီး။

- ကာလဒါန
  ခေါ်ဆိုကြ ကထိန်သဘင်၊
  ဆင်နွှဲကာ ဒါနပန်း
  ဆင်မြန်းပါလျှင်၊
  ကထိန်အကျိုးငါးအင်
  အလှူရှင်သာမက၊
  အလှူခံပုဂ္ဂိုလ်လည်း
  မလွဲမသွေ အကျိုးငါးပါး
  ရငြားသည်ပ။

- ထို့ကြောင့်သာ ထာဝရ
  တန်ဆောင်မုန်းလ အချိန်ခါ၊
  ရောက်တိုင်းပင် စဉ်လာမယွင်း
  ဆောင်ကြဉ်းကြကာ၊
  ဓလေ့ရိုးရာ
  မြတ်နိုးစွာ အလေးထား၊
  မြန်ပြည်တစ်ခွင်
  ကထိန်သဘင် မြိမ့်မြိမ့်သဲ
  ဆင်နွှဲပျော်ပါး။ ။

**မနေသစ်(ပခုက္ကူ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ကာရစ်ဘီယံဒေသ စစ်အင်အားအလွန်အကျွံသုံးနေဟု အမေရိကန်နိုင်ငံကို ရုရှားနိုင်ငံ ဝေဖန်

**မော်စကို နိုဝင်ဘာ ၂**

ကာရစ်ဘီယံဒေသ မူးယစ်မှောင်ခိုပြဿနာအတွက် အမေရိကန်နိုင်ငံက စစ်အင်အားအလွန်အကျွံသုံးစွဲနေမှုကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁ ရက်တွင် ဝေဖန်ရှုတ်ချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အနေဖြင့် ကာရစ်ဘီယံဒေသ၌ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် စစ်အင်အားအလွန်အကျွံသုံးစွဲမှုကို မိမိတို့ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ လုပ်ရပ်များသည် အမေရိကန်ပြည်တွင်းဥပဒေများသာမက နိုင်ငံတကာဥပဒေများကိုလည်း ချိုးဖောက်ရာရောက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

တရားမဝင် မူးယစ်ကုန်သွယ်မှုလုပ်ငန်း နှိမ်နင်းရေးလုပ်ငန်းစဉ်အရ အမေရိကန်တပ်မတော်သည် ကာရစ်ဘီယံဒေသနှင့် အရှေ့ပစိဖိတ်ဒေသများ၌ မူးယစ်ဆေးဝါးတင်ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ် ၁၄ စီးကို တိုက်ခိုက်ခဲ့ရာ လူပေါင်း ၆၁ ဦး သေဆုံးခဲ့ရသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း ကာရစ်ဘီယံဒေသသို့ တိုက်လေယာဉ်များ၊ စစ်သင်္ဘောများနှင့် တပ်ဖွဲ့ဝင်ရာပေါင်းများစွာ စေလွှတ်၍ စစ်အင်အားတည်ဆောက်ထားသည်။

ကာရစ်ဘီယံဒေသ၌ အမေရိကန်နိုင်ငံက စစ်အင်အားအလွန်အကျွံသုံးစွဲနေချိန်တွင် ဗင်နီဇွဲလားအစိုးရ၏ အချုပ်အခြာနယ်မြေကာကွယ်ရေး ကြိုးပမ်းမှုများကို ရုရှားနိုင်ငံက ထောက်ခံကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

Ref : RT
Trs : KKO

## ဗြိတိန်ရထားတစ်စီးပေါ်၌ ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားခဲ့သောကြောင့် လူ ၁၀ ဦး ဒဏ်ရာရရှိ

**လန်ဒန် နိုဝင်ဘာ ၂**

ဗြိတိန်၌ နိုဝင်ဘာ ၁ ရက်က ခရီးသည်တင် ရထားတစ်စီးပေါ်တွင် ဓားလက်နက်ဖြင့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ရထားတွဲတိုက်ခိုက်မှုအတွင်း ဓားဒဏ်ရာရရှိခဲ့သူများအနက် ကိုးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ခရီးသည်တင်ရထား တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တိုက်ခိုက်မှုကျူးလွန်သူအဖြစ် ယူဆရသော အမျိုးသားနှစ်ဦးကို ဖမ်းဆီးထားကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ခရီးသည်တင်ရထားတွဲတိုက်ခိုက်မှုသည် ဒွန်ကတ်စတာမြို့မှ လန်ဒန်မြို့ ကင်းခရော့ဗ် ဘူတာရုံသို့ ခုတ်မောင်းနေသော ရထားပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။


အဆိုပါတိုက်ခိုက်မှု ကျူးလွန်သူအမျိုးသားနှစ်ဦး၏ မျိုးရိုးဇာစ်မြစ်နှင့် တိုက်ခိုက်မှုကျူးလွန်ရခြင်း၏ နောက်ခံရည်ရွယ်ချက်တို့ကို ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

သေနတ် ကိုင်ဆောင်ခွင့်ကို တင်းကျပ်စွာ ထိန်းချုပ်ထားသည့် ဗြိတိန်၌ ပြီးခဲ့သည့်နှစ်များအတွင်း ဓားလက်နက်သုံး တိုက်ခိုက်မှုဖြစ်ပွားမှုနှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




## တရုတ်ဝန်ကြီးချုပ် လီချန်း ၂၀၂၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်



**ဆစ်ဒနီ နိုဝင်ဘာ ၂**

တရုတ်ဝန်ကြီးချုပ် လီချန်း အနေဖြင့် လာမည့်နှစ်တွင် ဩစတြေးလျနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီချန်း၏ လာမည့်နှစ် ဩစတြေးလျခရီးစဉ်အတွက် မိမိတို့ဆွေးနွေးထားပြီးဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ဩစတြေးလျ နိုင်ငံသို့ လာရောက်ချိန်တွင် တရုတ်ဝန်ကြီးချုပ်အနေဖြင့် ကမ္ဘာကျော် အူလူရူသဲကျောက်တုံးဆီသို့လည်း သွားရောက်လေ့လာဖွယ်ရှိကြောင်း ဩစတြေးလျ ဝန်ကြီးချုပ်၏ အဆိုအရ သိရသည်။

အူလူရူ သဲကျောက်တုံးသည် အမြင့် ၃၄၈ မီတာရှိ၍ အနီရောင်မှိုင်းမှိုင်း အရောင်အသွေးကြောင့် ကမ္ဘာကျော်သည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ ဖြစ်သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် ၃၇ ကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံကာလ အောက်တိုဘာ ၂၇ ရက်တွင် တရုတ်ဝန်ကြီးချုပ် လီချန်းနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ နံပါတ်-၂ ခေါင်းဆောင်ဖြစ်သော ဝန်ကြီးချုပ် လီချန်းသည် ၂၀၂၄ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မက္ကဆီကိုနိုင်ငံ၌ ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၂၃ ဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂**

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း၌ နိုဝင်ဘာ ၁ ရက် ညပိုင်းက ကုန်ပဒေသာတိုက် တစ်ခု၌ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ကလေးများအပါအဝင် အနည်းဆုံး လူ ၂၃ ဦး သေဆုံးခဲ့ရသည်။




ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှုသည် ဆိုနိုရာပြည်နယ် ဟာမိုဆီလိုမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဟာမိုဆီလိုမြို့ ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှုတွင် လူ ၁၁ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဆိုနိုရာပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူများမှာ အဆိပ်အတောက်ရှိ ဓာတ်ငွေ့များ ရှူရှိုက်ခဲ့ရမှုကြောင့် သေဆုံးခဲ့ရသူများဖြစ်ကြကြောင်း ဆိုနိုရာပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဟာမိုဆီလိုမြို့ ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှု နောက်ခံအကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

ဟာမိုဆီလိုမြို့ ကုန်ပဒေသာတိုက် မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည့် နောက်ခံ အကြောင်းရင်းအားလုံး ထည့်သွင်း စဉ်းစားနေကြောင်း ဆိုနိုရာပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO

## ဖိလစ်ပိုင်စီစဉ်ပြုလုပ်သော ပူးတွဲရေကြောင်းကင်းလှည့်မှုကို ခြေရာခံစောင့်ကြည့်ခဲ့ကြောင်း တရုတ်တပ်မတော် ပြောကြား

**ပေကျင်း နိုဝင်ဘာ ၂**

ပိုင်ဆိုင်ခွင့် အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ် ဒေသ၌ ဖိလစ်ပိုင်နိုင်ငံက စီစဉ်ပြုလုပ်ခဲ့သော ပူးတွဲရေကြောင်းကင်းလှည့်မှုကို ခြေရာခံစောင့်ကြည့်ခဲ့ကြောင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) က နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက်ရှိပြီး တောင်တရုတ်ပင်လယ်ဒေသအပါအဝင် ရေပြင်ဒေသများအတွက် ပူးတွဲအလုပ်အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းမည့်အစီအစဉ်ကို အောက်တိုဘာ ၃၁ ရက်တွင် ကြေညာထားသည်။

အလားတူ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်ထိ ဖိလစ်ပိုင်၊ အမေရိကန်နိုင်ငံ၊ နယူးဇီလန်၊ ဩစတြေးလျနိုင်ငံတို့က တောင်တရုတ်ပင်လယ်ဒေသ၌ ပူးတွဲကင်းလှည့်လေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးတွဲရေကြောင်းလေ့ကျင့်မှုများကို မိမိတို့အနေဖြင့် ခြေရာခံ စောင့်ကြည့်ခဲ့ကြောင်း ပီအယ်လ်အေ၏ တောင်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ဒေသ၌ ပြဿနာများ ဖန်တီးနေသည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နှစ်စဉ်ရေကြောင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးထရီလီယံတန်ဖိုးရှိ ရေကြောင်းလမ်းများ တည်ရှိရာ တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးနီးပါးကို သမိုင်းကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိကြောင်း တောင်းဆိုထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် အနာဂတ်ဒုံးပျံများအတွက် ရှေ့ပြေးပုံစံများကို ၂၀၃၀ ပြည့်နှစ်တွင် စမ်းသပ်မည်



**ပဲရစ် နိုဝင်ဘာ ၂**

ဥရောပအာကာသအေဂျင်စီ၏ အာရီယာနီအာကာသနည်းပညာကုမ္ပဏီသည် ၂၀၃၀ ပြည့်နှစ်အစောပိုင်းတွင် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံရှေ့ပြေးပုံစံများကို စမ်းသပ်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဥရောပအတွက် ကိုယ်ပိုင်အကြိမ်ကြိမ် အသုံးပြုနိုင်သော ဒုံးပျံယာဉ်ကို တည်ဆောက်ရေး ရည်ရွယ်ချက်အရ ၂၀၃၀ ပြည့်နှစ်အစောပိုင်းတွင် ရှေ့ပြေးပုံစံများ စတင်စမ်းသပ်ရန်စီစဉ်ထားကြောင်း အာရီယာနီကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အာရီယာနီကုမ္ပဏီသည် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် အနာဂတ်ဒုံးပျံများအတွက် ပရိုးမီးယပ်အမည်ရှိ ဒုံးအင်ဂျင်များကို အသုံးပြုမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့်အနာဂတ်ဒုံးပျံများအတွက် အသုံးပြုမည့် စနစ်အချို့ကို ပြင်သစ်နိုင်ငံ၌ စတင်စမ်းသပ်နေပြီဖြစ်ကြောင်း

အလားတူ အကြိမ်ကြိမ်ပြန်လည် အသုံးပြုနိုင်မည့်အနာဂတ်ဒုံးပျံရှေ့ပြေးပုံစံအဖြစ် သီးမစ်အမည်ရှိ ပင်မဒုံးယာဉ်ကိုယ်ထည်ကိုလည်း အာရီယာနီကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

အာရီယာနီအာကာသနည်းပညာကုမ္ပဏီသည် ဥရောပအာကာသအေဂျင်စီ၏ အာကာသမစ်ရှင်များကို တာဝန်ယူလွှတ်တင်ပေးနေသောအာကာသနည်းပညာကုမ္ပဏီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## 31/ATLAS ကြယ်တံခွန်က နေကိုအနီးဆုံးမှတ် ဖြတ်ကျော်ပျံသန်းခဲ့ပြီး နေ၏နောက်ကွယ်မှ ပြန်လည်ပေါ်ထွက်လာပြီဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၂**

31/ATLAS ကြယ်တံခွန်သည် နေကိုအနီးဆုံးမှတ် ဖြတ်ကျော်ပျံသန်းခဲ့ပြီး နေ၏နောက်ကွယ်မှ ပြန်လည်ပေါ်ထွက်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

31/ATLAS ကြယ်တံခွန်သည် အောက်တိုဘာ ၂၉ ရက်တွင် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ကမ္ဘာမြေအခြေစိုက် ရေဒီယိုတယ်လီစကုပ်များ၏ မြင်ကွင်း၌ ပြန်လည်ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် အောက်တိုဘာ ၂၁ ရက်တွင် နေ၏နောက်ကွယ်သို့ စတင်တိုးဝင်ခဲ့ပြီး အောက်တိုဘာ ၂၉ ရက်တွင် အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။



ထူးခြားသည့်အချက်မှာ နေ၏နောက်ကွယ်မှ ပြန်လည်ပေါ်ထွက်လာချိန်တွင် 31/ATLAS ကြယ်တံခွန်၏အလင်းအားမှာ ပုံမှန်ထက် ခုနစ်ဆမြင့်တက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် 31/ATLAS ကြယ်တံခွန်၏အရောင်မှာလည်း မူလအနီမွဲမွဲမှသည် ပြာလဲ့လဲ့အရောင်သို့ ပြောင်းသွားကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အာကာသယာဉ်မှူးသုံးဦး လိုက်ပါသည့် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ် လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၂**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည့် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို နိုဝင်ဘာ ၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃ ဒသမ ၅ နာရီခန့်အကြာတွင် ရှန်ကျိုး-၂၁ အာကာသ လူသယ်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသ လူသယ်ယာဉ်သည် အလိုအလျောက် ချိတ်ဆက်မှုစနစ်ကိုသုံး၍ တီယန်ကောင်း အာကာသစခန်းယာဉ်နှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ဖြင့် လိုက်ပါသွားသည့် တရုတ်အာကာသယာဉ်မှူး သုံးဦးတို့သည်တီယန်ကောင်းအာကာသစခန်းယာဉ်ပေါ်၌ ခြောက်လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်သည် သိပ္ပံပညာစမ်းသပ်မှုများအတွက် ကြွက်လေးကောင်နှင့် အခြားစမ်းသပ်ပစ္စည်း ခြောက်မျိုးတို့ကိုလည်း တီယန်ကောင်း အာကာသစခန်းယာဉ်သို့ သယ်ယူသွားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများသုံးစွဲနေသည့် သန္ဓေတားဆေးပုံစံတစ်မျိုးကြောင့် ရင်သားကင်ဆာ ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**စတော့ဟုမ်း နိုဝင်ဘာ ၂**

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ သုံးစွဲနေသည့် သန္ဓေတားဆေးပုံစံတစ်မျိုးကြောင့် ရင်သားကင်ဆာ ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင်ရေးသားတင်ပြထားသည်။

ဟော်မုန်းအခြေခံ သန္ဓေတားဆေးများနှင့် ရင်သားကင်ဆာဖြစ်နိုင်ခြေတို့အကြားဆက်စပ်မှုရှိနိုင်ကြောင်း ရေးယခင်ကပင် နိုင်ငံတကာ ဆေးပညာရှင်များက ယုံကြည်ထားသည်။

သို့ရာတွင် ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နောက်ပိုင်းတွင် ထုတ်လုပ်သည့် ပရိုဂျက်စတိုဂျင်ဟော်မုန်းအခြေခံ သန္ဓေတားဆေးများကြောင့် ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေသည် အခြားသန္ဓေတားဆေးများထက် ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပရိုဂျက်စတိုဂျင်ဟော်မုန်းအခြေခံပဋိသန္ဓေတားဆေးသုံးစွဲသူ အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းကျော် မြင့်တက်နေကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် အမျိုးသမီး နှစ်သန်းကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သီတင်းတစ်ပတ်လျှင် အချိန်ငါးနာရီပေး၍ လမ်းလျှောက်ပါက အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၂**

သီတင်းတစ်ပတ်လျှင် အချိန်ငါးနာရီပေး၍ လမ်းလျှောက်ခြင်းဖြင့် အူမကြီးကင်ဆာ၊ အသည်းကင်ဆာနှင့် ပန်ကရိယကင်ဆာအပါအဝင် အစာခြေလမ်းကြောင်းစနစ်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် တင်ပြထားသည်။

လေ့ကျင့်ခန်းများပုံမှန်ပြုလုပ်မှုသည် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင်အထောက်အကူပေးနိုင်သကဲ့သို့ ကင်ဆာဆဲလ်များပျံ့နှံ့နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်းနိုင်ငံတကာဆေးပညာရှင်များက လက်ခံထားပြီးဖြစ်သည်။

အမေရိကန်နိုင်ငံ ဟားဗက်တီအိတ်ချ်ချန် ပြည်သူ့ကျန်းမာရေးသိပ္ပံမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သီတင်းတစ်ပတ်လျှင် ငါးနာရီစာ လမ်းလျှောက်ပေးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများဖြစ်နိုင်ခြေကို ၁၇ ရာခိုင်နှုန်း လျှော့ချနိုင်သည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၂၃၁၀၆၇ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများထဲတွင် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာပြွန်ကင်ဆာနှင့် အစာအိမ်ကင်ဆာတို့လည်း အကျုံးဝင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားအသင်းနှင့် ပါဝင်ကစားလိုကြောင်း မက်ဆီ ပြောကြား

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၂**

အင်တာမီယာမီ အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့သည့် တိုက်စစ်မှူးမက်ဆီက လာမည့်နွေရာသီတွင် ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားအသင်းနှင့် ပါဝင်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူးသည် ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကိုဦးဆောင်၍ ဆုဖလားရယူနိုင်ခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းတွင် ပါဝင်ကစားနိုင်ရန်အတွက် ၎င်းအနေဖြင့် ကြံ့ခိုင်မှုပြည့်ဝနေရမည် ဖြစ်ကြောင်း အင်တာဗျူး အစီအစဉ်တစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ယခုနှစ်အတွင်း အာဂျင်တီးနားအသင်းနှင့်ကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲတွင်လည်း သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး စက်တင်ဘာလက ဗင်နီဇွဲလားအသင်းနှင့် ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အပြီးတွင် ယခုအိမ်ကွင်းပွဲစဉ်သည် အာဂျင်တီးနားမြေတွင် ကစားသည့် နောက်ဆုံးပွဲစဉ် ဖြစ်နိုင်ကြောင်း ပြောကြားထားသော်လည်း ယခုအခါ အာဂျင်တီးနားအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက်ပါဝင်ကစားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

၎င်းသည် ယခုနှစ်အတွင်း အင်တာမီယာမီအသင်းနှင့် ပွဲစဉ်များတွင် ပြိုင်ပွဲစုံ ၄၅ ပွဲ၌ သွင်းဂိုး ၃၉ ဂိုးထိ သွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ယခုလို ခြေစွမ်းမျိုးကို ဆက်လက်ထိန်းသိမ်းနိုင်ရန် မျှော်လင့်ထားသည်ဟု ပြောကြားခဲ့သည်။

မက်ဆီသည် အာဂျင်တီးနား အသင်းနှင့် ပြိုင်ပွဲစုံ ၁၉၅ ပွဲတွင် သွင်းဂိုး ၁၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲ ၂၀၀ ကျော်ထိ ပါဝင်ကစားရန် ရည်မှန်းထားကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်ကို ပရီးမီးယားလိဂ်ထိပ်သီးအသင်းများဖြစ်သည့် ချဲလ်ဆီး၊ မန်ယူ၊ မန်စီးတီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- မန်ယူအသင်းသည် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘရိုက်တန်အသင်းမှ ဘာလီဘာနှင့် စတုဂတ်အသင်းမှ စတယ်လာတို့ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- စပါးအသင်းက နာပိုလီအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား မက်တွန်မီနေးကို ပရီးမီးယားလိဂ်သို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ပဲလေ့စ်အသင်းက ဥရောပထိပ်သီးကလပ်အသင်းများ ခေါ်ယူရန်ကြိုးပမ်းနေသည့် တိုက်စစ်မှူးမာတီတာကို သက်တမ်းတိုးရန် ထပ်မံကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ **ML**

# လေဗာကူဆင်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့သည့်မှတ်တမ်းကောင်းတစ်ရပ်ကို ဘိုင်ယန်မြူးနစ်အသင်း ရရှိ



**ဘာလင် နိုဝင်ဘာ ၂**

ဘိုင်ယန်မြူးနစ် အသင်းသည် ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲအဖြစ် ကစားခဲ့သည့် လေဗာကူဆင် အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် နည်းပြကွန်ပနီ လက်အောက်၌ အကောင်းဆုံးပုံစံရရှိနေပြီး လေဗာကူဆင်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့ပြီး ရာနှုန်းပြည့် နိုင်ပွဲဆက်ခဲ့ခြင်း ဖြစ်သည်။

လေဗာကူဆင် အသင်းသည်လည်း ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၇ ပွဲဆက် ရှုံးပွဲမရှိစံချိန် မှတ်တမ်းကောင်းတစ်ရပ်လည်း ရပ်တန့်ခဲ့ရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် လေဗာကူဆင်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ကိုးပွဲဆက် အနိုင်ရရှိခဲ့ကာ အမှတ်ပေးဇယား အဆင့်(၂)နေရာမှ လိုက်ပ်ဇစ်အသင်းကို ငါးမှတ်ဖြတ်တောက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# နော်တင်ဟမ်အသင်းက ထိပ်တန်းအသင်းကြီးများ အလိုရှိနေသည့် ကွင်းလယ်ကစားသမားအန်ဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ထိ သတ်မှတ်

**လန်ဒန် နိုဝင်ဘာ ၂**

နော်တင်ဟမ်အသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးများကအလိုရှိနေသည့် အသင်းကွင်းလယ်ကစားသမားအန်ဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အန်ဒါဆန်သည် နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေခြင်း ဖြစ်သည်။

မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များရှိနေသည့်အတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူလိုနေသောကြောင့် အန်ဒါဆန်ကို အစောပိုင်းကတည်းက ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။



အလားတူ အန်ဒါဆန်ကို မန်ယူအသင်းအပြင် မန်စီးတီးအသင်း၊ ချဲလ်ဆီးအသင်း၊ နယူးကာဆယ်အသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ထိ သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ကလပ်အသင်းတစ်သင်းတည်းအတွက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ရွန်းနီစံချိန်ကို ဆာလာဟ်လိုက်မီ

**လန်ဒန် နိုဝင်ဘာ ၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ကလပ်အသင်းတစ်သင်းတည်းအတွက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအများဆုံး ကစားသမားဖြစ်သည့် မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီ၏စံချိန်ကို လီဗာပူးအသင်း တိုက်စစ်ကစားသမားဆာလာဟ် လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။



လီဗာပူးအသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်သည် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု (ဂိုးပါဝင်ပတ်သက်မှု) အများဆုံး ကစားဖြစ်သည့် ရွန်းနီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် အေဗီလာ အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၁၈ ဂိုးထိ ရှိခဲ့ကာ ဂိုးပါဝင်ပတ်သက်မှု ၈၈ ကြိမ်ထိ ရှိခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကလပ် အသင်းတစ်သင်းတည်းအတွက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ရွန်းနီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသော်လည်း အသင်း နှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက်တွင်လည်း သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့သည့် တတိယမြောက် ကစားသမား အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်




**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနိုင်ပွဲရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်တွင် စိုးမင်းဦး၊ ပွဲချိန် ၂၂ မိနစ်တွင် ပြည်မိုးတို့က သွင်းယူပေးနိုင်ခဲ့ကာ ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ တွင် မီချယ်နှင့် ပွဲချိန် မိနစ် ၈၀ တွင် ကန်တိုနာတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ဆိုင်တိုက သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် နိုဝင်ဘာ ၃ ရက်တွင် ရှေ့ဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်ပထမပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က မက်ဒီဆင်ကီးကို အနိုင်ရရှိ

**ရီယာ့ဒ် နိုဝင်ဘာ ၂**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအတွင်း ပထမပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန် တင်းနစ်မယ် မက်ဒီဆင်ကီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၂၊၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ချန်ပီယံ စဝီယာတက်ခ်နှင့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲချန်ပီယံ မက်ဒီဆင်ကီးတို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ကြောင်း ကြိုတင်သုံးသပ်ချက်များ ထွက်ပေါ်ခဲ့သော်လည်း စဝီယာတက်ခ် အနေဖြင့် သက်သောင့်သက်သာ ကစားပြီး ပြတ်သားသည့်ရလဒ်များဖြင့်ပင် အနိုင်ရခဲ့သည်။

တစ်နှစ်တာကာလ အတွင်း အဓိကဆုဖလားများနှင့် အောင်မြင်မှုများရရှိထားသော ပြိုင်ပွဲဝင်များကို စုစည်းကျင်းပပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ချန်ပီယံများအကြား ချန်ပီယံကို ရွေးချယ်သည့် ပြိုင်ပွဲဖြစ်သောကြောင့် ပရိသတ်များစိတ်ဝင်စားမှု မြင့်မားသည့်ပြိုင်ပွဲလည်းဖြစ်သည်။

စဝီယာတက်ခ်က "ဒီပြိုင်ပွဲအတွက် အများကြီး ပြင်ဆင်လေ့ကျင့်ခဲ့တယ်။ တရုတ်နိုင်ငံမှာ ကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ပြိုင်ပွဲဝင်ရင်း စွမ်းဆောင်ရည်တွေကို တိုးတက်အောင် လေ့ကျင့်ပြင်ဆင်ခဲ့တယ်။ ပြိုင်ပွဲဝင်ရင်း အားနည်းချက်တွေကို အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့တယ်။ လက်ရှိ ဒီပြိုင်ပွဲမှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်အပေါ်မှာ တကယ့်ကို အားရကျေနပ်မှုရှိပါတယ်။ စိတ်ခွတ်ပိုင်းရော၊ ကြံ့ခိုင်မှုပိုင်းမှာပါ တိုးတက်မှုရှိလာတယ်လို့ ခံစားမိပါတယ်။ အုပ်စုအတွင်း အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်အောင် ကြိုးစားပြီး အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : CBS

Trs : AZL

# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်ကစ်ဘင် ဆွတ်ခူး




**ဟောင်ကောင် နိုဝင်ဘာ ၂**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပခဲ့သည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်ကစ်ဘင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၇ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားပီတာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်ဂွဲယား၊ ဂျပန် ဂေါက်သီးရိုက် ကစားသမား အီကီမူရာနှင့် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အိုသူဇန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မက်ကစ်ဘင်သည် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်အား ခုနစ်ချက်ထိ ဖြတ်တောက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲသက်တမ်းတစ်လျှောက် ရိုက်ချက်ကွာဟမှု အမြင့်မားဆုံးဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မက်ကစ်ဘင်က "အံ့ဩဝမ်းသာစရာကောင်းတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ စံချိန်မှတ်တမ်းကောင်းတွေနဲ့ ချန်ပီယံဖြစ်ခွင့်ရခဲ့တယ်။ လုံးဝကို မျှော်လင့်မထားတဲ့ရလဒ်မျိုးဖြစ်ပါတယ်။ ကစားသမားဘဝသက်တမ်းတစ်လျှောက် တစ်ခါမှ မကောင်းနိုင်သေးတဲ့ စွမ်းဆောင်ရည်မျိုးနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲရဲ့ သမိုင်းဝင် စံချိန်မှတ်တမ်းထဲ ပါဝင်ခွင့်ရသွားခဲ့ပြီးတော့ စံချိန်မှတ်တမ်းတွေနဲ့ ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့ ခံစားချက်က ကျွန်တော့်အတွက် ပြီးပြည့်စုံစေခဲ့တယ်။ ဒီပြိုင်ပွဲမှာ ဂေါက်သီးရိုက်လောကရဲ့ အကောင်းဆုံး ကစားသမားတွေ ချန်ပီယံဖြစ်ခဲ့ဖူးတယ်။ သူတို့နဲ့အတူ ချန်ပီယံဖြစ်ဖူးတဲ့စာရင်းမှာ ကျွန်တော်ပါဝင်ခွင့်ရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ဂျီနိုအာအသင်းနည်းပြ ဗီအဲရာ နည်းပြရာထူးမှ နုတ်ထွက်

**ရောမ နိုဝင်ဘာ ၂**

အီတလီစီးရီးအေကလပ် ဂျီနိုအာအသင်း နည်းပြ ဗီအဲရာသည် အသင်းရလဒ်များ ဆက်တိုက် ဆိုးရွားနေမှုများကြောင့် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့သည်။

ဂျီနိုအာအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြဗီအဲရာလက်အောက်တွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေကာ တန်းဆင်းရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၉ နှစ်ရှိ ဗီအဲရာသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က ဂျီနိုအာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ၂၆ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရှစ်ပွဲအနိုင်ရရှိခဲ့ပြီး အဆင့်(၁၇)နေရာတွင် ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဂျီနိုအာအသင်းသည် နည်းပြဗီအဲရာလက်အောက်တွင် ရလဒ်များ သိသိသာသာ ဆိုးရွားနေခဲ့ပြီး ကိုးပွဲကစားပြီးချိန်၌ တစ်ပွဲမျှ အနိုင်ရရှိခဲ့ခြင်း မရှိသေးဘဲ ခြောက်ပွဲထိ ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျီနိုအာအသင်း တာဝန်ရှိသူများအနေဖြင့် အသင်းရလဒ်များအတွက် နည်းပြဗီအဲရာနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အီတလီစီးရီးအေ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

**လာဇီယို** Vs **ကက်ဂလီယာရီ**

ကစားမည့်ရက်/အချိန် ၄-၁၁-၂၀၂၅ (နံနက် ၀၂:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ကက်ဂလီယာရီ ၁ - ၂ လာဇီယို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| လာဇီယို - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| ကက်ဂလီယာရီ - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

လာဇီယိုအသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲရရှိဖို့ အများခံမှာ မဟုတ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ကက်ဂလီယာရီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ လာဇီယိုအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက် ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းပါ အသာစီးမှာရှိနေတဲ့ လာဇီယိုအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- လာဇီယို ၂ - ၀ ကက်ဂလီယာရီ

# စပိန်လာလီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**အော့ဗီဒီယို** Vs **အိုဆာဆူနာ**

ကစားမည့်ရက်/အချိန် ၄-၁၁-၂၀၂၅ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အိုဆာဆူနာ ၁ - ၀ အော့ဗီဒီယို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| အော့ဗီဒီယို - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| အိုဆာဆူနာ - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ အနိုင်ရရှိထားတဲ့ အော့ဗီဒီယိုအသင်းအတွက် အိမ်ကွင်းမှာဆိုပေမဲ့ ရှုံးကန်ရဖို့ရှိနေပါတယ်။ အိုဆာဆူနာအသင်းကလဲ အဝေးကွင်းဆိုပေမဲ့ အော့ဗီဒီယိုအသင်းကိုတော့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အဝေးကွင်းဆိုပေမဲ့ ကစားသမားစုဖွဲ့မှု အင်အားပိုင်း ပိုမိုတောင့်တင်းနေတဲ့ အိုဆာဆူနာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အော့ဗီဒီယို ၀ - ၁ အိုဆာဆူနာ

# အနက်ရောင်အဆင်းရှိသောတိရစ္ဆာန်များအကြောင်း အပိုင်း(၁)

ခိုင်ဇင်

အနက်ရောင်ဟာ အာဏာရှိတာ၊ ကျက်သရေရှိတာစတဲ့သဘောရှိတဲ့ အပြင် ရှေးယခင်ကတည်းက ထုံးတမ်းစဉ်လာအရ သေဆုံးတာနဲ့ ဝမ်းနည်းတာတွေလို အဓိပ္ပာယ်တွေလဲရှိပါတယ်။ လျှို့ဝှက်ဆန်းကြယ် တာကိုလဲ အများအားဖြင့် အနက်ရောင်နဲ့သာ သင်္ကေတပြုဖော်ပြကြ လေ့ရှိပါတယ်။ အနက်ဟာအရောင်အနေနဲ့ ဆွဲဆောင်မှုရှိရုံသာမက အနက်ရောင်အဆင်းရှိတဲ့ တိရစ္ဆာန်တွေဟာလဲ အမြင်အနေနဲ့ အင်မတန်မျက်စိပသာဒဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ အခု အပတ်မှာတော့ အနက်ရောင်အဆင်းရှိတဲ့ တိရစ္ဆာန်တွေထဲက တချို့ကို ထုတ်နုတ်ဖော်ပြသွားမှာပဲဖြစ်ပါတယ်။

**ကျားသစ်နက်**



ကျားသစ်နက်လို့ခေါ်တဲ့ ပန်သာကျားသစ်နက်ကို အာရှတိုက်တောင်ပိုင်းနဲ့ အာဖရိကတိုက်တို့မှာ ကျက်စားလေ့ရှိတာကို အများဆုံးတွေ့ရပါတယ်။ အနက်ရောင်တွေ အများအပြားပါတာမို့ မဲနက်တောက်ပြောင်နေတတ်ပေမဲ့ တောက်ပတဲ့အလင်းရောင်အောက်မှာ ၎င်းရဲ့ကျားသစ်ကွက် အစက်အပြောက်တွေကို မြင်နိုင်ပါတယ်။ ကျားသစ်နက်ဟာ ကာမဂုဏ်ခံစားမှု နည်းပါးတယ်လို့ယူဆကြတဲ့အတွက် ဟိန္ဒူယောဂီတို့က ကာမဂုဏ်ခံစားမှု နည်းပါးတာကို ထင်ရှားဖော်ပြလိုတဲ့အတွက် သစ်နက်အရေကို ဝတ်ဆင်ကြတယ်လို့လဲ ဗဟုသုတအနေနဲ့ကြားဖူးပါတယ်။ ပန်သာကျားသစ်နက်ဟာ ကျားသစ်မျိုးနွယ်ဖြစ်ပြီး နူးညံ့တဲ့ အမွေးတွေရှိပါတယ်။ ရှေးခေတ်ဂရိတွေရဲ့ ထုံးတမ်းအစဉ်အလာများစွာမှာ ကျားသစ်နက်တွေကို ပြန်လည်မွေးဖွားခြင်းနဲ့ အသွင်ပြောင်းခြင်း သင်္ကေတအနေနဲ့ မှတ်ယူထားကြပါတယ်။ ဒါ့ပြင် ပန်သာကျားသစ်နက်တွေဟာ ရှားပါးတဲ့အပြင် ၎င်းတို့မှာ ဆန်းကြယ်တဲ့ သဘာဝလွှန်စွမ်းအင်တွေလဲရှိတာမို့ ဂမ္ဘီရဆန်တဲ့တောရိုင်းတိရစ္ဆာန်တွေလို့ ဆိုရမှာဖြစ်ပါတယ်။

**ဝံပုလွေနက်**



ဝံပုလွေနက်ဟာ အနက်ရောင်အဆင်းရှိတဲ့ ဝံပုလွေလို့ဆိုကြပေမဲ့ တကယ်တမ်းတော့ ၎င်းဝံပုလွေဟာ ပုံမှန်တွေ့နေကျ မီးခိုးရောင် ဝံပုလွေထက် အရောင်ရင့်နေတာကြောင့် ဝံပုလွေနက်လို့ ခေါ်ကြတာဖြစ်ပါတယ်။ ဝံပုလွေနက်တွေဟာ လက်ရှိအချိန်ထိတော့ မျိုးသုဉ်းတာမရှိသေးဖူးလို့ သိရပါတယ်။ မျိုးရိုးဗီဇဆိုင်ရာ သုတေသန ပြုချက်တွေအရ ဝံပုလွေနက်တွေဟာ အိမ်မွေးခွေးတွေနဲ့ ဗီဇတူတယ်လို့ သိရပါတယ်။ ခွေးမျိုးရင်းဝင်တဲ့ ဝံပုလွေနက်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ကျော်လောက်ကတည်းက အမေရိကတိုက်မှာ အလွန်အမင်း ပေါများကာ ကျက်စားခဲ့ကြပေမဲ့ အခုအခါမှာတော့ ကောင်ရေသိသိသာသာ လျော့နည်းလာပါတယ်။ ဒီလို ကောင်ရေကျဆင်းလာတဲ့အဓိက အကြောင်းကတော့ စားကျက်မြေတွေ ပျက်စီးတာ၊ အလွန်အကျွံ အမဲလိုက်သတ်ဖြတ်တာတွေကြောင့်ဖြစ်ပါတယ်။ လက်ရှိမှာ ဝံပုလွေတွေဟာ လူသားတွေ၊ ကျွဲနွားတိရစ္ဆာန်တွေ၊ အိမ်မွေးတိရစ္ဆာန်တွေအတွက် အန္တရာယ်ရှိတာကြောင့် ကောင်ရေအလွန်အကျွံပွားမလာအောင် နေရာသတ်သတ်မှတ်မှတ်နဲ့သာ ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ ဝံပုလွေနက်တွေဟာ သာမန်ဝံပုလွေတွေထက်လဲ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ ဒါကြောင့်လဲ ကောင်ရေကျဆင်းလာပေမဲ့ ရှားပါးမျိုးသုဉ်းလုနီးပါးစာရင်းမှာ မပါဝင်သေးတာဖြစ်ပါတယ်။

**ငန်းနက်**



ငန်းနက်ဟာ ဩစတြေးလျနိုင်ငံရဲ့ အရှေ့တောင်ပိုင်းနဲ့ အနောက်တောင်ဒေသတွေမှာ အဓိကပေါက်ဖွားကြတဲ့ ရေငှက်မျိုးစိတ်ဖြစ်ပါတယ်။ ငန်းနက်တွေဟာ ရာသီဥတုအခြေအနေအပေါ်မူတည်ပြီး လိုက်လျောညီထွေပြောင်းလဲ နေထိုင်တတ်တဲ့ငှက်တွေဖြစ်ပါတယ်။ ငန်းနက်ဟာ အနက်ရောင်အမွေးအမှင်အပြင် အနီရောင်နှုတ်သီးနဲ့ ငွေရောင်အမွေးအမှင်တွေ ရောစပ်ထားတဲ့ ငှက်ကြီးမျိုးနွယ်ဖြစ်ပါတယ်။ ငန်းနက်အတော်များများကို တောရိုင်းတိရစ္ဆာန်ဥယျာဉ်နဲ့ ဘေးမဲ့တောတွေမှာ တွေ့နိုင်ပါတယ်။ မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်းထဲမှာ မပါသေးပေမဲ့ ရာသီဥတုဖောက်ပြန်မှု၊ အစာရေစာ ရှားပါးမှု၊ နေထိုင်ရာစားကျက်မြေများ ရှားပါးမှု၊ အလွန်အကျွံ အမဲလိုက်မှုများကြောင့် တဖြည်းဖြည်း ကောင်ရေကျဆင်းလာတယ်လို့ သိရပါတယ်။

**အနက်ရောင်လီမာ**

လီမာဟာ အဓိကအမျိုးအစားနှစ်မျိုးရှိပါတယ်။ အနက်ရောင်လီမာနဲ့ လီမာဆိုပြီးဖြစ်ပါတယ်။ လီမာဟာ မြေခွေးဦးခေါင်းလိုချွန်တဲ့ ဦးခေါင်းရှိပြီး ပုံသဏ္ဍာန်နဲ့သွားပုံလာပုံကတော့ မျောက်နဲ့အတော်လေး တူတဲ့အတွက် လီမာမျောက်လို့ခေါ်ကြပါတယ်။ လီမာမျောက်ဟာ သစ်ပင်



ပေါ်မှာနေတဲ့မျိုးစိတ်ရှိသလို ကျောက်တောင်ကြားမှာနေလေ့ရှိတဲ့ လီမာမျောက်လဲရှိပါတယ်။ လီမာမျောက်တွေဟာ အာဖရိကတိုက်၊ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဖိလစ်ပိုင်ကျွန်း စတဲ့နေရာတွေမှာနေလေ့ရှိပြီး လီမာမျောက်နက်တွေကို မက်ဒါဂက်စကာနဲ့ ကိုမိုရိုကျွန်းတွေမှာတွေ့ရပါတယ်။ လီမာမျောက်နက်နဲ့တခြားလီမာမျောက်တွေကွာခြားချက်က မျက်လုံးအရောင်ဖြစ်ပါတာ်။ လီမာမျောက်နက်ဟာ အညိုရောင်သို့မဟုတ် လိမ္မော်ရောင် မျက်လုံးတွေရှိပြီး နားရွက်ပေါက်တွေလဲရှိပေမဲ့ တခြားလီမာမျိုးစိတ်ကတော့ မျက်လုံးအပြာရောင်ဖြစ်ပါတယ်။ လီမာမျောက်နက်တွေဟာ အမွေးဖွာပြီး ရှားပါးပေမဲ့ မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်းဝင်တော့မဟုတ်သေးဘူးလို့ သိရပါတယ်။

**အိုရီယန်တယ်ကြောင်နက်**

အိုရီယန်တယ်ကြောင်နက်ဟာ အမွေးတိုကြောင်မျိုးစိတ်ဖြစ်ပါတယ်။ အရင်ကတည်းကရှိတဲ့ ကြောင်မျိုးစိတ်မဟုတ်ဘဲ မျိုးစပ်ပြီး ထွက်လာတဲ့မျိုးစိတ်ဖြစ်ပါတယ်။ အိုရီယန်တယ်ကြောင်မှာ အရောင်



မျိုးစုံရှိပါတယ်။ ထိုအရောင်စုံထဲက အိုရီယန်တယ်ကြောင်နက်ကို အိမ်မွေးတိရစ္ဆာန်အနေနဲ့မွေးတာကတော့ မကောင်းဆိုးဝါးရန်၊ မကောင်းတဲ့အမှောင့်ပယောဂတွေကနေ ကာကွယ်နိုင်တယ်ဆိုတဲ့ အယူနဲ့မွေးမြူကြတာဖြစ်ပါတယ်။ အိုရီယန်တယ်ကြောင်နက်မှာ ဗာဒံပုံသဏ္ဍာန် မျက်လုံးစိမ်းတွေ၊ တြိဂံပုံသဏ္ဍာန် ဦးခေါင်းနဲ့ နားရွက်ကြီးတွေ၊ ရှည်လျားသွယ်လျတဲ့ ကိုယ်ခန္ဓာ ရှိပါတယ်။

အခုဖော်ပြပေးခဲ့တာကတော့ ရှားပါးတဲ့ အနက်ရောင်အဆင်းရှိတဲ့ တိရစ္ဆာန်တွေနဲ့ ဆန်းပြားတဲ့အနက်ရောင်ရှိတဲ့သတ္တဝါတွေထဲက တချို့ အကြောင်းပဲဖြစ်ပါတယ်။

**ကိုးကား**

**– 10 magnificent and beautiful black animals in the World**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဇော ဇာတ်လမ်းတွဲကို Mahar Application တွင် နိုဝင်ဘာ (၈) ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်မည်ဖြစ်




ရန်ကုန် နိုဝင်ဘာ ၂

Mahar Application ၏ မူပိုင် ဇာတ်လမ်းတွဲဖြစ်သည့် ဇော အမည်ရှိ ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၈ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ ဇောဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စိုးပြည့်သဇင်ထံက သိရသည်။

အဆိုပါ ဇော ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ရွှေရည်ရွှန်းလဲ၊ ညမွှေးပန်းတို့က ရေးသားကာ ညမွှေးပန်း၊ မုဒြာတို့က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ အာကာစိုးဦးက တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် သည်းထိပ်ရင်ဖို ဒရာမာအမျိုးအစား ဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ ယုဇနဦး ဆိုတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲက ရိုးရိုးဇာတ်လမ်းတွဲလိုမဟုတ်ဘဲနဲ့ ထိတ်လန့်ချောက်ချားမှုကို ခံစားရမဲ့ ဒရာမာဖြစ်တာကြောင့် အတတ်နိုင်ဆုံး ကြိုးစားသရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲက အစွဲအလန်းတွေဟာ မကောင်းတဲ့ အကြောင်းရယ် မေတ္တာထက်လွန်ကဲတဲ့ အတ္တကြီးမားမှုဟာ ဒုက္ခရောက်တတ်တယ် ဆိုတာကို ပြထားတဲ့ ဇာတ်လမ်းတွဲလေးပါ" ဟု သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြသည်။

ဇော အမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဟိန်းဝေယံ၊ မင်းအာကာ၊ ကေငြိမ်း၊ စိုးပြည့်သဇင်၊ မြတ်ကေသီအောင်၊ မိုးပွင့်ဖြူ၊ ယွန်းပွင့်လွှာအောင်၊ ဂွမ်းပုံကြီး၊ အေးသီတာ၊ သူဇာပွင့်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# That Man From Rio ဇာတ်ကား၌ မင်းသမီး ဆစ်ဒနီဆွင်းနေး ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၂

Apple Original Films ကုမ္ပဏီ၏ That Man From Rio အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဆစ်ဒနီဆွင်းနေးပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

That Man From Rio ဇာတ်ကားသည်စွန့်စားခန်းဟာသ ဇာတ်ကားဖြစ်ပြီး ၁၉၆၄ ခုနှစ်တွင် ကျော်ကြားခဲ့သည့် ခေါင်းစဉ်တူ ပြင်သစ်ရုပ်ရှင်ကားတစ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

That Man From Rio ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဂျပ်စတင်လင်း တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


မင်းသမီး ဆစ်ဒနီဆွင်းနေးသည် Apple Original Films ကုမ္ပဏီ၏ Echs Valley လျှို့ဝှက်သည်းဖိုဒရာမာဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ဖူးကြောင်း သိရသည်။

That Man From Rio ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေ့ပယ်မာက ရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

That Man From Rio ဇာတ်ကားစတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Apple Origin Films ကကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူး၊ မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR တွင် ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၂

တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူး၊ မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR၌ နိုဝင်ဘာ ၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ခင်မောင်ထူးထံက သိရသည်။

အဆိုပါ တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူး၊ မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Friends Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




"နိုဝင်ဘာ ၆ ရက် The Heart of Rangoon – THOR မှာ Friends Music Band တီးဝိုင်းနဲ့ အစီအစဉ်ကောင်းလေး တစ်ခုရှိပါတယ်။ ဟောင်းပေမဲ့လဲ ကောင်းနေဆဲဖြစ်တဲ့ ဒီနေ့ထိဟောင်းနွမ်းမသွားတဲ့ တေးသီချင်းလေးတွေနဲ့ ပရိသတ်တွေကို တဝကြီးဖျော်ဖြေတင်ဆက်ပေးမှာမို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။

တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူး၊မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon –THOR တွင် နိုဝင်ဘာ ၆ ရက် ညခြောက်နာရီခွဲကနေ ကိုးနာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Behemoth ဒရာမာဇာတ်ကား၌ မင်းသမီးအိုလီဗီယာဝိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် နိုဝင်ဘာ ၂

Searchlight Pictures ရုပ်ရှင်ကုမ္ပဏီ၏ Behemoth အမည်ရှိ ဒရာမဇာတ်ကား၌ မင်းသမီးအိုလီဗီယာဝိုင်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Behemoth ဇာတ်ကား၌ မင်းသမီး အိုလီဗီယာဝိုင်းသည် မင်းသား ပက်ဒရိုပါစကယ်၊ ဒေးဗစ်ဟာဘာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ Behemoth ဇာတ်ကားသည် လော့စ်အိန်ဂျလိစ်မြို့သို့ ပြန်လည်ရောက်ရှိလာသော ဂီတပညာရှင်တစ်ဦးဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Behemoth ဇာတ်ကားကို ဒါရိုက်တာ တိုနီဂျီရှိုင်းက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ တိုနီဂျီရှိုင်းကပင် တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Behemoth ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုသတင်းပတ်ကုန်အတွင်း လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Active Bar တွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် နိုဝင်ဘာ ၂

တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲကို နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Active Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ယွန်းမြတ်သူထံက သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ယွန်းမြတ်သူ၏ သီဆိုဖျော်ဖြေမှုများကို Dark Soul Music Band တေးဂီတအဖွဲ့က အားဖြည့်ကူညီ တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့နိုဝင်ဘာ ၈ ရက်ညမှာ လှိုင်သာယာက Active Bar မှာ Dark Soul Music Band တေးဂီတအဖွဲ့နဲ့အတူရှိနေပါမယ်။ DJ Kino တို့ကလဲ မြူးကြွတဲ့တင်ဆက်မှုတွေနဲ့ ဖျော်ဖြေပေးသွားအုံးမှာ ဖြစ်ပါတယ်။ သီချင်းတွေနားဆင်ပြီးရင် Here & Now Dance Crew ရဲ့ ကပြဖျော်ဖြေမှု အစီအစဉ်တွေကိုလဲ ရှုစားအားပေးကြပါအုံး"ဟု တေးသံရှင် ယွန်းမြတ်သူကပြောပြ၍ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို Active Bar တွင် နိုဝင်ဘာ ၈ ရက် ညခုနစ်နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Hot air balloon releasing ceremony of 2025 Tazaungdaing Festival of Maravijaya Buddha Image held


Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to the Maravijaya Buddha Image.



**Nay Pyi Taw November 2**

The hot air balloon releasing ceremony of 2025 Tazaungdaing Festival of Maravijaya Buddha Image was held on a grand scale at Fountain Square, Maravijaya Buddha Park, this evening.

Present were Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla,SSPC Vice Chairman Vice-Senior General Soe Win and wife,Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, team-wise hot air balloon releasing contestants and a large crowd of pilgrims including monks.


Senior General Min Aung Hlaing and Daw Kyu Kyu Hla watch traditional dances.



On arrival at the venue, the Senior General and wife were welcomed by national race employees of MRTV and cultural troupes and artists of Fine Arts Department, Ministry of Religious Affairs and Culture, carrying Myanmar traditional lanterns in their hands.

The Senior General and wife formally opened the ceremony by cutting a ribbon.

The Senior General and wife and attendees watched the follow-up activities, which were, release of mini hot air ballons into the air, display of fireworks and the dances, staged to the accompaniment of a song hailing the Tazaungdaing Festival.

The Senior General, his wife and party greeted contesting teams from Union-level organizations and ministries which will take part in the Tazaungdine hot-air balloon releasing competition for 2025 at the Maravijaya Buddha Image. These teams performed traditional dances.

The Senior General, his wife and attendees to the ceremony watched releasing of night lighting hot-air balloon and Seinnapan hot-air balloons by contesting teams and cordially greeted the people.

During the preparation to release the hot-air balloons, traditional cultural troupes performed traditional dances.

The Senior General and his wife paid homage to the Maravijaya Buddha Image and offered flowers, water and oil lights and ignited oil lights together with attendees to the ceremony at the opening ceremony of the Tazaungdine lighting festival at the Maravijaya Buddha Image.

The Senior General and his wife went round the Buddha imageclockwise, beat Saddhadhipati Bell and cordially greeted monks, pilgrims and people who joined the lighting festival.

The lighting festival will take place on a grand scale at the Maravijaya Buddha Image Park in Dekkhinathiri Township of Nay Pyi Taw Union Territory from 2 to 4 November. During the festival, associations will recite religious verses and offer 9,000 oil lights on the platform of the image. Moreover, fireworks will be launched while night hot-air balloons and Seinnapan hot-air balloons will be released. Furthermore, Matho Shwekya lotus robes will be weaved. The precinct of the Buddha Park will be illuminated with multicolour lightings. MSME businesses will display and sell domestic products, foodstuffs, personal goods and Myanmar traditional snacks. In addition, famous artistes will perform music, songs and theatrical performances. 100


Senior General Min Aung Hlaing greets contesting teams.

# More than 1,000 acres of sweet corns harvested in Kawlin District


Workers sorting out harvested sweet corns.

**Kawlin November 2**

Local farmers have reaped more than 1,000 acres of sweet corns in Kawlin District of Sagaing Region, according to the district Agriculture Department.

During the 2025–2026 monsoon crop season, a total of 1,582 acres of sweet corn were cultivated in Kawlin District, and harvesting began in August this year. So far, 1,053 acres have been harvested, with an average yield of over 13,000 ears of corn per acre.

U Win Thein, Head of the Kawlin District Agriculture Department, said: "This year, 1,582 acres of sweet corn were cultivated in Kawlin District during the monsoon crop season. Harvesting is currently underway, and as of today, more than 1,000 acres have already been harvested. To ensure successful and healthy corn cultivation, we provided farmers with technical awareness and guidance on preventing pest and disease infestations."

As of this year's monsoon crop season, the harvested acreage by township in Kawlin District is as follows: Kawlin Township – 565 acres, Wuntho Township – 336 acres, and Pinlebu Township – 152 acres, totalling 1,053 acres.

The township agriculture departments in Kawlin District have been providing training courses and field demonstrations for farmers growing both seed corn and sweet corn. They have also given guidance on preventive measures against fall armyworms, integrated pest management systems, and the proper use of pesticides and botanical insect repellents such as neem, ginger, and chili.

According to reports, in Kawlin District, the average yield of seed corn is over 50 baskets per acre, with a production cost of around K500,000 per acre, while sweet corn produces about 15,000 ears per acre, with a production cost of over K500,000 per acre. 206

# More than 18,000 acres of cotton planted in Myinmu Township

**Myinmu November 2**

Local farmers grew a total of 18,997 acres of cotton as monsoon crops in Myinmu Township of Sagaing Region this year, according to the data of Sagaing District Agriculture Department.

During the 2025-2026 monsoon crop season, a total of 21,140 acres of cotton have been targeted for cultivation in Myinmu Township. Cultivation began in May this year, and as of today, 18,997 acres have been planted, according to reports.

"This year, over 20,000 acres of cotton are planned to be cultivated in Myinmu Township during the monsoon season. So far, cultivation has been completed on more than 18,000 acres. To help farmers conveniently grow in time for the season, quality cotton seeds are being provided to them," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

Myinmu Township Department of Agriculture has been conducting technical training sessions for cotton farmers to ensure access to quality and pure seed varieties, promote healthy and successful crop growth, prevent pest and disease outbreaks, and apply proper cultivation practices to achieve good yields.


A cotton plantation in Myinmu Township.

For cotton cultivation, the production cost is about K350,000 per acre, and the average yield is around 1,000 viss per acre.

Since cotton can be grown as an intercropping crop with onion before harvest and with green gram after harvest, farmers can earn additional income from multiple crops.

Cotton is being successfully cultivated and produced in 19 townships across Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts in the Sagaing Region. 206

# Green gram harvested in YeU Township

**YeU November 2**

YeU District Agriculture Department stated that local farmers have harvested 1,640 acres of green gram in YeU Township of Sagaing Region this year,

They planted 1,640 acres of green gram on croplands in YeU Township this year. So far, they have harvested all sown acreage of green gram in the township, yielding more than 10 baskets per acre.

During this year's monsoon crop season, green gram has been cultivated on 1,640 acres in YeU Township. The cultivated green gram fields are now almost fully harvested, according to U Zaw Myint Tun, Head of the Department of Agriculture in YeU District.

He said that agricultural awareness programs have been conducted to encourage farmers to expand green gram cultivation and to use quality, pure seeds to ensure better yields.

The YeU Township Department of Agriculture has been providing local farmers with assistance on using suitable and quality seed varieties, applying proper cultivation methods, preventing pest infestations, and using fertilizers systematically to achieve higher yields.

During this year's monsoon crop season, it is also reported that efforts are being made in collaboration with farmers to promote the use of quality seed varieties, necessary inputs, and post-harvest techniques to improve both yield and quality of various pulses. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fyodor Lukyanov: As the US and China collide, other civilizations prepare their own course

**Myaung November 2**

The well-worn business phrase "push and pull" neatly captures the essence of today's US–China relations. What once looked like a competitive partnership has hardened into a contest of wills, power, and identity. One that will shape the global order for years to come.

For much of the late 20th century and the first decade of the 21st, the dominant Western assumption was that the world was moving toward a liberal, universal order. Economic interdependence, global markets and single rule-sets were supposed to smooth away historical grievances and cultural differences. In that vision, civilizational identities – the deep structures of tradition, culture, and worldview – were treated almost as relics.

That era is over. The liberal order began to crack long before Donald Trump entered the White House, but his arrival made the rupture visible and irreversible. As the old framework faltered, the pendulum swung back toward identity, difference, and civilizational self-assertion. The question now is not whether this shift is happening, it clearly is, but how the world will function within it. RT


US President Donald Trump and Chinese President Xi Jinping shake hands before their meeting at Gimhae International Airport in Busan, South Korea, October 30, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က ဆွီဒင်ထုတ် Giraffe 1X ရေဒါစနစ်ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့



အမေရိကန်ကြည်းတပ်သည် မဟာမိတ်လေကြောင်းရန်ကာကွယ်ရေးခိုင်မာအားကောင်းစေရန်နှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များကို အထောက်အကူပြုရန် ဆွီဒင်နိုင်ငံထုတ် Giraffe 1X တာတိုသုံး 3D ရေဒါစနစ်ဝယ်ယူရန်အတွက် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၆ သန်း တန်ဖိုးရှိသော သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံအခြေစိုက် Saab ကုမ္ပဏီသည် အဆိုပါရေဒါစနစ်များကို ၂၀၂၆ ခုနှစ်တွင်စတင်ပေးပို့မည်ဖြစ်ပြီး လျင်မြန်စွာရွေ့လျားလှုမ်းခြုံနိုင်ရန် လိုအပ်သည့် မဟာမိတ်အဖွဲ့အစည်းများတစ်လျှောက် လေကြောင်းရန်ကာကွယ်ရေးနှင့် တန်ပြန်ဒရုန်းစွမ်းရည်များကို ပိုမိုအားကောင်းလာစေရန်အတွက် ၎င်းစနစ်ကိုထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Giraffe 1X ရေဒါစနစ်သည် ပေါ့ပါးသော X-band AESA 3D ရေဒါစနစ်ဖြစ်ပြီး တစ်စက္ကန့်လျှင် ဒီဂရီ ၃၆၀ ထောက်လှမ်းနိုင်ကာ သေးငယ်သော ဒရုန်းများကို အကွာအဝေး လေးကီလိုမီတာခန့်နှင့် လေကြောင်းပစ်မှတ်များကို ၇၅ ကီလိုမီတာကျော်ထိ ထောက်လှမ်းနိုင်သည်။ ထို့ပြင် လေကြောင်းစောင့်ကြည့်ခြင်း၊ တန်ပြန်ဒရုန်းစနစ်နှင့် ကြားဖြတ်ဒုံးကျည်များအဖြစ်လည်း ယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည်။

Giraffe 1X ရေဒါစနစ်သည် ဒေတာ အချက်အလက်များကို အမြန်ဆုံးပေးပို့နိုင်စေရန်နှင့် သယ်ဆောင်ရလွယ်ကူစေရန် တီထွင်ထုတ်လုပ်ထားသော X-band, active electronically scanned array အမျိုးအစားဖြစ်သည်။ ၎င်း၏အလေးချိန်သည် ကီလိုဂရမ် ၁၅၀ အောက်သာရှိပြီး စနစ်ထိပ်ဦးပိုင်းသည် ကီလိုဂရမ် ၁၀၀ ခန့်သာရှိသဖြင့် ခေါင်မိုး၊ ရွက်တိုင်၊ ရွေ့လျားရလွယ်ကူသော ယာဉ်များ သို့မဟုတ် လှေငယ်များတွင်လည်း တပ်ဆင်အသုံးပြုနိုင်သည်။ အဆိုပါရေဒါစနစ်သည် ပစ်မှတ်ကို ဒီဂရီ ၃၆၀ ပတ်လည် ရှာဖွေနိုင်စွမ်းရှိပြီး တစ်စက္ကန့်လျှင် တစ်ကြိမ် အချက်အလက်အသစ်ဖြည့်သွင်းပေးခြင်း၊ ပုံမှန်စောင့်ကြည့်ခြင်းနှင့်အတူ သတိပေးချက်ထုတ်ပြန်ခြင်းလုပ်ငန်းကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်ကာ ရွေ့လျားနေစဉ်တွင် ပစ်မှတ်ရှာဖွေနိုင်သည့် တည်ငြိမ်သောပစ်မှတ်ရှာဖွေရေးစနစ်နှင့် Multi-rotor ဒရုန်းများကို ခွဲခြားပေးနိုင်သည့် Drone Tracker များပါဝင်သည်။

Giraffe 1X ရေဒါစနစ်သည် နောက်ဆုံးပေါ် ကျစ်လျစ်သောကိရိယာပစ္စည်းများ တပ်ဆင်မှုအစုံဖြင့် အကွာအဝေး ၇၅ ကီလိုမီတာထိ ထောက်လှမ်းနိုင်ပြီး ရေတပ်သုံး Sea Giraffe 1X ရေဒါသည် အကွာအဝေး ကီလိုမီတာ ၁၀၀ ခန့်ထိ ထောက်လှမ်းနိုင်ကြောင်း သိရသည်။ ၎င်းသည် ကြည်းတပ်များအတွက် အလွန်တိုတောင်းသော လေကြောင်းရန်ကာကွယ်ရေးကို ချိန်ညှိပေးနိုင်ပြီး ဖြစ်ပေါ်လာနိုင်သောနယ်နိမိတ်ကာကွယ်ရေးနှင့် အရွယ်အစားကြီးမားသော SHORAD စနစ်များကြားရှိ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် လုံလောက်သော ထောက်လှမ်းမှုအကွာအဝေးကို ရရှိစေနိုင်သည်။

အမေရိကန်စစ်ဘက်က ၎င်းရေဒါများသည် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များအတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် မဟာမိတ်များအတွက် လိုအပ်သောကာကွယ်ရေးပစ္စည်းများကို ဝယ်ယူရာတွင် အကောင်းဆုံးတန်ဖိုးကိုပေးသည့်အခါ သို့မဟုတ် ပိုမိုလျင်မြန်စွာပို့ဆောင်ပေးနိုင်သည့်အခါ နိုင်ငံခြားမှ ထုတ်ကုန်များကို ဝယ်ယူလေ့ရှိသည်။ အဆိုပါရေဒါ၏ ပွင့်လင်းသောစနစ်ချဉ်းကပ်မှုနည်းလမ်းသည် ယနေ့ခေတ် တာတိုပစ်လေကြောင်းကာကွယ်ရေး ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးကွန်ရက်များ၊ လက်ရှိတွင် အသုံးပြုလျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေး ထိန်းချုပ်ရေးစနစ်များနှင့် အမေရိကန်ကြည်းတပ်၏ တန်ပြန်ဒရုန်းထိန်းချုပ်ရေးစနစ်သစ်များဖြင့် အလွယ်တကူချိတ်ဆက်အသုံးပြုနိုင်ကာ သတင်းအချက်အလက်များ ပေးပို့နိုင်စွမ်းရှိသည်။ ၎င်းစနစ်သည် စစ်မြေပြင်တွင် တပ်ဖွဲ့များလှုပ်ရှားနေစဉ်အတွင်း Group 1-3 ဒရုန်းများကို ပိုမိုမြန်ဆန်စွာ ခွဲခြားသတ်မှတ်ခြင်းနှင့် Jammer များ၊ သေနတ်များ သို့မဟုတ် ဒုံးကျည်များအတွက် ယုံကြည်စိတ်ချရသော ချိန်ညှိမှုများကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

**U.S. Army Selects Swedish Saab Giraffe 1X Radar in $46M Deal to Strengthen Allied Air Defense ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်ကုမ္ပဏီ MERIO က ဒရုန်းအခြေပြု လေဆာလမ်းညွှန်စနစ် တီထွင်ထုတ်လုပ်

ပြင်သစ်ကုမ္ပဏီ MERIO သည် မောင်းသူမဲ့လေယာဉ်များဖြင့် တိကျစွာ တိုက်ခိုက်မှုများပြုလုပ်ရန်အတွက် ပစ်မှတ်များကို မှတ်သားပေးနိုင်သည့် ဒရုန်းအခြေပြု လေဆာလမ်းညွှန်စနစ်တစ်ခုကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆာဖြင့် ပစ်မှတ်များကို အလင်းရောင်ပေးခြင်းအားဖြင့် ဤမှတ်သားမှုစနစ်ပါရှိသော မောင်းသူမဲ့လေယာဉ်များသည် အမြောက်တပ်၊ လေယာဉ် သို့မဟုတ် ရေတပ်ယူနစ်များကို တိကျမှုပိုမိုမြင့်မားစွာဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤသဘောတရားသည် ဒရုန်းများဖြင့် ထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေးအရင်းအမြစ်များကိုချိတ်ဆက်ပေးသော ခေတ်သစ်စစ်ပွဲများတွင် ကွန်ရက်ချိတ်ဆက်ပစ်မှတ်ထားခြင်းနှင့် မောင်းသူမဲ့စနစ်များ ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပေါ် ပိုမိုအာရုံစိုက်လာသည်ကို ထင်ဟပ်စေလျက်ရှိသည်။

"ပြင်သစ် လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့စီမံကိန်းအသစ်တစ်ခုပါ။ ဒရုန်းတွေကနေ လေဆာနဲ့ မှတ်သားပေးတာ ရင်းနှီးကျွမ်းဝင်ပြီးသားကိစ္စတစ်ခုပါ။ MERIO ဟာ မစ်ရှင်အောင်မြင်ဖို့အတွက် ဆန်းသစ်တီထွင်မှုရဲ့ ကန့်သတ်ချက်တွေကို ဆက်လက်တွန်းအားပေးနေတယ်"ဟု MERIO ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဤစနစ်သည် လေကြောင်းနှင့်ရေကြောင်းပလက်ဖောင်းများအတွက် အလေးချိန်ပေါ့ပါးသောစွမ်းဆောင်ရည်မြင့် Gimbals နှင့် Electro-optical/infrared systems အာရုံခံစနစ်များ ထုတ်လုပ်ရာတွင် ကျွမ်းကျင်မှုရှိသော MERIO ကုမ္ပဏီ၏ အတွေ့အကြုံများအပေါ် အခြေခံထားသည်။ ပြင်သစ်နိုင်ငံတွင် တည်ဆောက်ထားသည့် ၎င်း၏ Milvus အာရုံခံကိရိယာသည် မြေမျက်နှာသွင်ပြင်အနေအထားခက်ခဲသောပတ်ဝန်းကျင်များတွင် တည်ငြိမ်သော ရုပ်ပုံဖော်နိုင်စွမ်းနှင့်ပစ်မှတ်ထားနိုင်စွမ်းကိုပိုင်ဆိုင်ထားပြီး ကာကွယ်ရေးနှင့် အရပ်ဘက်လုံခြုံရေးမစ်ရှင်နှစ်ခုစလုံးကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းအခြေပြုလေဆာလမ်းညွှန်စနစ်တီထွင်ထုတ်လုပ်ခြင်းသည် ပေါ်တူဂီဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ TEKEVER နှင့် ပြင်သစ်နိုင်ငံ MERIO ကုမ္ပဏီတို့၏နားလည်မှုစာချွန်လွှာချုပ်ဆိုပြီး နောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘော်ဒိုးမြို့၌ ကျင်းပသော ၂၀၂၅ မောင်းသူမဲ့လေယာဉ်ပြပွဲအတွင်း လက်မှတ်ရေးထိုးခဲ့သည့် ထိုသဘောတူညီချက်တွင် MERIO ကုမ္ပဏီ၏ Milvus စနစ်များကို TEKEVER ကုမ္ပဏီ၏ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့်ကင်းထောက်ရေး ပလက်ဖောင်းများနှင့် ပေါင်းစည်းရန် အစီအစဉ်များဖော်ပြထားသည်။



ဤသဘောတူညီမှုအရ ကုမ္ပဏီများသည် TEKEVER ကုမ္ပဏီ၏ မောင်းသူမဲ့လေယာဉ် အမျိုးအစားအားလုံးတွင် Milvus အာရုံခံကိရိယာများကို ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဆင်အသုံးပြုနိုင်မည့် ISR စွမ်းရည် မည်သို့အဆင့်မြှင့်တင်နိုင်မည်ကို စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သရုပ်ပြခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်မှုတွင် စစ်ဘက်နှင့် အရပ်ဘက်ကာကွယ်ရေး မစ်ရှင်များအတွက် ဥရောပထုတ်နည်းပညာများ ပူးတွဲသုတေသနပြုလုပ်ခြင်းနှင့် တီထွင်ဖန်တီးခြင်းတို့ပါဝင်သည်။ ထိုသို့ဆောင်ရွက်မှုများဖြင့် ဒရုန်းအခြေပြု လေဆာလမ်းညွှန် နည်းပညာသည် ပြင်သစ်တပ်မတော်နှင့် အခြားဥရောပကာကွယ်ရေးမိတ်ဖက်များက လက်ရှိတွင် အသုံးပြုနေသည့် ပစ်မှတ်ထား ဖြေရှင်းနည်းများကို ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြကြောင်း သိရသည်။

**New French Luser System Lets UAVs Mark Targets For Guided Strikes ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးကေ ၁၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးကေ ၁၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲကြီးကေ ၅၅၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၁၀၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲကြီးကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရံ့ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလတစ်လအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''အောက်တိုဘာလထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်ယူတာများနေတာကြောင့်ဖြစ်ပါတယ်။ အခုလို ဝယ်ယူအား ကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေ၊ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေနေပါတယ် '' ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၃၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် တောင်ပို့ကြီး(တောင်)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာနှစ်တွင် တောင်ပို့ကြီးကျေးရွာအုပ်စု တောင်ပို့ကြီး (တောင်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ တောင်ပို့ကြီး(တောင်) ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

အဆိုပါကျေးရွာ၌ အနက် ပေ ၃၄၀ အကျယ် ၄ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# ရေကြည်မြို့နယ် ကြံတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ရေကြည် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆပ်ကွင်းကျေးရွာအုပ်စု ကြံတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကြံတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြံတောကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ၇၀၅ ပေ အကျယ် ၃ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်းငွေကျပ် သိန်း ၁၉၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၆ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

**ဇင်မာ**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်စဉ်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊မီးပုံးပျံလွှတ်တင်ရေးပြိုင်ပွဲဝင် အဖွဲ့များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက လည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာမီးပုံးငယ်များကိုကိုင်ဆောင်၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် မီးပုံးပျံငယ်များကို တစ်ပြိုင်နက် လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များ



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများကို ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

သည့် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများကို ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် မိဘပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုကဲ့သို့မီးပုံးပျံများလွှတ်တင်ရန်ပြင်ဆင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆီမီးထွန်းညှိပူဇော်စဉ်။

တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့်အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ သဒ္ဒါမိပတိခေါင်းလောင်းတော်ကြီး ထိုးခတ်ပူဇော်စဉ်။

မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွထွန်းညှိပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်ကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာဖြင့် စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)






☆ **ကျောဖုံးမှအဆက်**

ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါးပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။

ထို့အတူ တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ





ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့်နေရာများကိုလည်း အလွယ်တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူ ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးထွန်းညှိကပ်လှူပူဇော်ခြင်း၊ LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွမ်းလျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာလွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများကို ကောင်းကင်ယံထက်သို့ အောင်မြင်စွာလွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများဖြင့် နေပြည်တော်တန်ဆောင်မုန်းလ၏ ညအလှကိုပိုမိုပေါ်လွင်စေခဲ့သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ သီဆိုဖျော်ဖြေမှု



ကြောင့်လည်း ပွဲတော်ကြီးကို ပိုမိုပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က မီးပုံးပျံများ အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံးပျံငယ်များကိုပြိုင်တူ လွှတ်တင်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီး မီးပုံးပျံကြီးများ၏အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာဆင်အကများ၊ ဆီမီးခွက်ကိုင်ဆောင်ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများကြောင့်လည်း တန်ဆောင်တိုင်ညအလှကို ပိုမိုအသက်ဝင်စေခဲ့သည်။

အလားတူ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီပုထိုးများ၏ သပ္ပာယ်မှုများနှင့်အံ့မခန်းဖွယ် ကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံစေတီ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌ မိသားစုလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့်ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ အလှနှင့် ရသကိုအပြည့်အဝခံစားနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးဆက်သစ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များသို့ ကြိတ်ကြိတ်တိုးပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားများပြား









**နေပြည်တော် နိုဝင်ဘာ ၂**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို ယနေ့ညနေပိုင်းမှ စတင်၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အပြင်ဘက် သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ကြိတ်ကြိတ်တိုး ပါဝင်ဆင်နွှဲကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ရာ ယခုနှစ်တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အဆိုပါ ပြည်သူများ ဘုရားဖူးမြော်လာရောက်စဉ် စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးနှင့် လေ့လာဝယ်ယူနိုင်ရေးအတွက် MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ဒေသထွက်ကုန်များစသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော် အပါအဝင် ဖျော်ဖြေရေးအစီအစဉ်ကောင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပပေးခြင်းဖြစ်ရာ ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများကို သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသအလိုက် ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ဘုရားဖူးလာ ပြည်သူများက စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

အလားတူ ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်း ပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ ရခိုင်ရိုးရာနှင့် ရှမ်းရိုးရာ အစားအစာအရောင်းဆိုင်ခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာ အရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များနှင့် မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့အတူ ပွဲတော်လာပြည်သူများ အတီး၊ အမှုတ်၊ အက၊ အခုန်၊ ဆိုင်းသံ၊ ဗုံသံ စုံလင်စွာလွှမ်းခြုံထားသည့် မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားနိုင်စေရန်အတွက် နိုင်ငံကျော် ဇာတ်မင်းသားဖိုးချစ်ဇာတ်ပွဲသဘင်ကိုလည်း ထည့်သွင်းဖျော်ဖြေပေးခဲ့ရာ ပြည်သူများ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖိုးချစ်ဇာတ်ပွဲသဘင်တွင် ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ တွဲဖက်၍ ထူးချွန်ပြောင်မြောက်လှသည့် မင်းသား၊ မင်းသမီးများ၏ အဆို၊ အပြောနှင့် နှစ်ပါးသွား အကခန်း၊ အော်ပရာနှင့် စင်တင်ပြဇာတ်ကြီးများ၊ လူရွှင်တော်များ၏ စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များ၊ ဇာတ်သဘင်ကို အဓိကပံ့ပိုးပေးနေသည့် ဆိုင်းဝိုင်းကြီးများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကြောင့် ဇာတ်ပွဲကြီး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေခဲ့ပြီး အနုသုခုမကို စိတ်ဝင်စား၍ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများ အနေဖြင့်လည်း စိတ်ကျေနပ်မှု အပြည့်အဝရရှိခဲ့ကြကာ အဆိုပါ ဇာတ်သဘင်ကို တန်ဆောင်တိုင်ကာလအတွင်း ညစဉ်ကပြတင်ဆက်သွားမည်ဖြစ်သည်။

အလားတူ ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတကို ခံစားနားဆင်နိုင်စေရန်အတွက်လည်း ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့် နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့် တွဲဖက်၍ လူကြိုက်များလှသည့် တေးသီချင်းများ ဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင် ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

ထို့အတူ ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကား စသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ် ပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**ခေတ်လူငယ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်စောနွဲ့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



ဒေါက်တာခင်စောနွဲ့ (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)

မင်္ဂလာပါရှင့်၊ ကျွန်မကတော့ ဒေါက်တာခင်စောနွဲ့ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှဖြစ်ပါတယ်ရှင့်။

**မူဝါဒအနေဖြင့်**

ပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တိုင်းရင်းသားအားလုံးပါဝင်ရမည်။ ဒီမိုကရေစီလမ်းကြောင်းနှင့် မလွဲချော်စေရန်ဖြစ်ပြီး ဥပဒေနှင့်ညီညွတ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။

လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းများသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရန် မူဝါဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏မူဝါဒများပင်ဖြစ်ပါသည်။

**သဘောထားအနေဖြင့်**

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ချစ်မြတ်နိုးပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးအချင်းချင်း တန်ဖိုးထားရသော ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာများကိုဖော်ထုတ်ပြီး နိုင်ငံ၏ ဒီမိုကရေစီလုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်လိုသောသဘောထားများရှိပါသည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပနိုင်စေချင်သော သဘောထားသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ထို့ပြင် ပါတီများ တိုင်းရင်းသားများကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြဖို့ကိုလည်း မျှော်မှန်းချက်ထားပါသည်။ ဒီမိုကရေစီဖော်ဆောင်ရေးကို လုပ်သားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေသောလုပ်ငန်းဆန္ဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လီဆူလူမျိုးများအနေနှင့် မိမိတို့၏ ဒေသစွဲ၊ လူမျိုးစွဲမရှိ အလွန်ရိုးသားသော၊ နိုင်ငံတော်ကို ပုန်ကန်သောအဖွဲ့အစည်းမျိုးလည်း မရှိခဲ့ကြပါ။ ဒါကြောင့်လည်း သမိုင်းပညာရှင်သုတေသီများအနေနှင့်လည်း ဂုဏ်ပြု၍ လီဆူတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို သုတေသနပြု၍ ဖော်ထုတ်ခဲ့သည်။ လီဆူတိုင်းရင်းသားတို့၏ချစ်စဖွယ် တန်ဖိုးထားဖွယ် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကမ္ဘာ့နေရာအနှံ့အပြား ပျံ့နှံ့နေထိုင်ခြင်းများ၊ ဥပမာ အိန္ဒိယ၊ ယူနန်ပြည်နယ်၊ အရှေ့တောင်အာရှများတွင် ပျံ့နှံ့နေထိုင်သော်လည်း ဘုံစကားရှိ၍ တန်ဖိုးထားစရာဖြစ်ကြောင်းဖော်ထုတ်ခဲ့သည်။ တိုင်းရင်းသားတစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားလာစေခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားဖြစ်ခဲ့ရသည်။

ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသောကဏ္ဍမှပါဝင်သည်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းကြပါစေ။ မြန်မာပြည်တစ်ဝန်း လုပသာယာစိုပြည်စေချင်တာကလည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း ပွင့်လင်းမြင်သာသောဆန္ဒများ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ကြမယ်၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်လာကြမယ်ဆိုရင် ယနေ့နိုင်ငံတွင် ကြုံတွေ့နေခဲ့ရသော ရေဘေး၊ လျှော်ဘေး စတဲ့ သဘာဝအန္တရာယ်များခံစားရသော ဒေသခံတိုင်းရင်းသားများကို တတ်စွမ်းသမျှ ကူညီချစ်ခင်ဝိုင်းဝန်းအားပေးကြမယ်ဆိုပါက အားလုံးကိုကမ်းလင့်လို့ကြိုနေကြမှာပါ။ ရင်ထဲမှာ မေတ္တာထားတတ်ကြတာ လူသားတိုင်းမှာရှိပါတယ်။ ဒါကြောင့် အားလုံးမေတ္တာအရင်းခံထားပြီး အချင်းချင်းစည်းလုံးချစ်ကြည်ငြိမ်းချမ်းစေချင်ကြခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထား၊ မေတ္တာထုထည်ကြီးမားခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ယုံကြည်ကိုးကွယ်ခြင်းများကိုလည်း လွတ်လပ်စွာကိုးကွယ်ကြပြီး အဓိကသည် မေတ္တာထားကြတာခြင်းကတော့တူညီကြပါသည်။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် လွတ်လပ်စွာကိုးကွယ်ပြီး တိုင်းရင်းသားအားလုံး နိုင်ငံတော်ကိုချစ်ပြီး အတူတကွ နိုင်ငံအကျိုးသယ်ပိုးစေလိုသော သဘောထားသည်လည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။


တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားများ၏ပညာရေးတိုးတက်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရန် စွမ်းဆောင်ပေးနိုင်သော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုတက်ရေးပါတီ၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ဌာနေပြည်သူ့စစ် လီဆူတိုင်းရင်းသားလူငယ်မောင်မယ်တိုင်းရင်းသားများသည်လည်း နိုင်ငံအကျိုးသယ်ပိုးရာတွင် အခြားတိုင်းရင်းသားများနည်းတူ စေတနာအရင်းခံ၍ စည်းလုံးကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်စေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စားဝတ်နေရေးများပြေလည်ပြီး ဘေးအန္တရာယ်အပေါင်းမှကင်းဝေးစေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏စိတ်ရင်းသဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ပညာရေးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင်ရှိသော လီဆူ၊ ရှမ်း၊ ရဝမ်ရွာများတွင် သင်ထောက်ကူပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပေါင်းစည်း၍ လှူဒါန်းမှုများပြုလုပ်ပါမည်။

တိုင်းရင်းသားလူငယ်မောင်မယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသေးစားစက်မှုလုပ်ငန်းအိမ်တွင်းမှုသင်တန်းများကို သင်တန်းပို့ချပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်နိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပါမည်။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်မခွဲခြားဘဲ လိုအပ်သောလှူဒါန်းမှုများကို စီးပွားရေးလုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ပါဝင်ဆောင်ရွက်ပါမည်။



တိုင်းရင်းသားများ၏ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း၍ ပူတာအိုခရိုင်တွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထောက်အကူပြုအဖွဲ့ငယ်များနှင့်အတူ ပူးပေါင်း၍ ကမ္ဘာ့ခရီးသွားများလာရောက်၍ နိုင်ငံတော်ဝင်ငွေတိုးတက်ရေး၊ E Tourism ကို အကောင်အထည်ဖော်ရန်ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများပြန်လည်စည်းလုံးညီညွတ်ရေးရရှိနေစေဖို့အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးခိုင်မာနေရန်လိုအပ်ပါသည်။ လက်ရှိအခြေအနေအရ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ဖြေရှင်းရမည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ ကျောက်စိမ်းတူးဖော်ခြင်း၊ ပယင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများသည် ကချင်ပြည်နယ်တွင် နေထိုင်ကြသူများ၏အဓိကအသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းများဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဥပဒေနှင့်အညီ တရားဝင်နိုင်ငံသားတိုင်းရင်းသားများအတွက် လုပ်ပိုင်ခွင့်များရရှိရေးအတွက်လည်း ဆောင်ရွက်နိုင်ရန် ဦးဆောင်မှုများ ပြုလုပ်နိုင်ခြင်းလုပ်ငန်းစဉ်တစ်ရပ်အဖြစ် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)အနေနှင့် တင်ပြဆောင်ရွက်ပါမည်။

လူမှုစီးပွား၊ လူ့အခွင့်အရေးများ လျင်မြန်တိုးတက်ဖွံ့ဖြိုးစေမည့် ဒူးလေးပါတီ၊

အလုပ်အကိုင်အခွင့်အလမ်း၊ ပညာဖွံ့ဖြိုး လျင်မြန်စွာတိုးတက်စေမည့် ဒူးလေးပါတီ၊

ယုံကြည်မှုကို အကောင်အထည်ဖော်မှာ ဒူးလေးပါတီပါရှင့်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)**
**ပါတီစည်းရုံးရေးသီချင်းအား မြန်မာဘာသာပြန်ဆိုချက်**

- လီဆူပါတီ ဒူးလေးပါတီ ဒူးလေးပါတီသည် လီဆူအမျိုးသားများ အိမ်ဖြစ်၍ မိမိတို့အိမ်ကို တည်ဆောက်ထိန်းသိမ်းရမည်။
- ကိုယ့်အိမ်ကိုယ့်ယာမရှိခဲ့ရင် ဒီကမ္ဘာပေါ်မှာ မျက်နှာငယ်ရမည်။
- လီဆူအမျိုးသားများ နိုးထလော့/စည်းလုံးကြလော့ ကိုယ့်ရဲ့ ဒူးလေးပါတီမှ ကိုယ်စားလှယ်များကို မဲပေးရွေးချယ်လိုက်ရအောင်
- လီဆူအမျိုးသားများစည်းလုံး၍ တစ်စိတ်တစ်ဝမ်းတည်း ရှေ့ဆက်ချီတက်ကြရအောင်
- တိုင်းရင်းသားများ တန်းတူညီရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်ပါဝင်ဆွေးနွေးနေပြီဖြစ်သည်။
- ဒူးလေးပါတီသည် တို့ပါတီ လီဆူဒူးလေးပါတီအောင်မြင်ရမည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)**
**တေးသီချင်း**

* (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ )၂ (ဟေ့ ဒူးလေးပါတီ)၃
  Lisu National Development Party (LNDP)
* ဒို့နိုင်ငံတစ်ခုလုံးရွေးကောက်ကြမည်
  မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြမည် တိုင်းရင်းသားအားလုံး စည်းလုံးကြမည်
* မဲရုံကိုသွားလို့ မဲပေးကြမည်
  Lisu National Development Party (LNDP)
* လူ့အခွင့်အရေး လူမှုစီးပွားရေးနဲ့ ပညာရေး
  အလုပ်အကိုင်အခွင့်အလမ်းရရှိရေး
  အနာဂတ်ရဲ့အောင်မြင်မှုပန်းတိုင် စွမ်းဆောင်ပေးမည့် ဒူးလေးပါတီ
* (အချစ်ဆုံးရေ အတူသွားစို့ မဲပေးကြမည်)၂ (ဒူးလေးပါတီ)
  Lisu National Development Party (LNDP)

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) (ဗဟို)က ရခိုင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီး လေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့ကို မင်္ဂလဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)က ရခိုင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီး လေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား မင်္ဂလဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ပွဲ မင်္ဂလာကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) (ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။



ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)က လှူဒါန်းသော အဂ္ဂမဟာမင်္ဂလဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသက သမ္ဗောဒနီယဩဝါဒကထာကို မိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) (ဗဟို)က လှူဒါန်းသော အဂ္ဂမဟာမင်္ဂလဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို စစ်တွေမြို့ အဘယရက္ခိတကျောင်းတိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသနှင့် ရွှေစေတီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသတို့ထံသို့လည်းကောင်း၊ မဟာမင်္ဂလဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို စစ်တွေမြို့ သဲချောင်း ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစိန္တိတနှင့် ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယတို့ထံသို့လည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းက ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းအား မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရက္ခိတစွမ်းအားပရဟိတအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်မောင်အား မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ တိုင်းမှူးက ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အတွင်းရေးမှူး ဦးမောင်သိန်းခိုင်အား မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးချီးမြှင့်အပ်နှင်းပေးအပ်သည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို အသင်းကြီးဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ဒေ့ဝပရိသတ်များက ရွှေစေတီပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့၌ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာများ ပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပစဉ်။





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၅၃ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၆၁၃၉၆၃၀၀ ရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၂၄ ခုကို တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမမှ မြစ်ကြီးနားမြို့အတွင်းလှည့်လည်၍ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၏ အကြိမ် ၃၀ မြောက် မိသားစု စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မော်တောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်တောင်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကာ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကောလိပ်ကုက္ကိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသထံမှ သမ္ဗောဒနီယ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ တိုင်းစစ်ဌာနချုပ် မိသားစု စုပေါင်းမဟာဘုံကထိန်တွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေစုစုပေါင်း ၆၉၅၇၈၁၉၉ ကျပ်တန်ဖိုးရှိသော ပဒေသာပင် ၃၅ ခုကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

### ❖ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်မှ

ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ကို ကြည့်ရှုလေ့လာ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံဒေသ နေဝင်ဆည်းဆာ အလှကို ကြည့်ရှုစဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြနန်းစံကျော် ရွှေနန်းတော်အတွင်း လှည့်လည် ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သွားရောက်တွေ့ဆုံပြီး မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေနန်းတော်ဘုန်းကြီးကျောင်းသို့ သွားရောက် လေ့လာဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ကြည့်ရှုလေ့လာစဉ် အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။ ထို့နောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပုဂံညောင်ဦးလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖီ ဦးဆောင်သော တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပုဂံမြို့ဟောင်းရှိ ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူးက အဆိုပါအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ကို ကမ္ဘာ့အမွေအနှစ် ပုဂံဒေသ၏ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ ရွှေစည်းခုံစေတီတော်ကြီး၊ အာနန္ဒာဘုရားကြီး၏ အနုလက်ရာများနှင့် ထီးလိုမင်းလိုဘုရားတို့ကို စိတ်ဝင်တစားသွားရောက်လေ့လာကြသည်။

ယင်းနောက် နန်းမြင့်မျှော်စင်၌ ပုဂံဒေသ နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြပြီး ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာ ယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း


**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တောင်ပစိဖိတ် ဆော်လမွန်ကျွန်းစုနိုင်ငံတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ



**ဟိုနီရာယာ နိုဝင်ဘာ ၂**

တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် ဆော်လမွန်ကျွန်းစုနိုင်ငံတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း ဆော်လမွန်ကျွန်းစုနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (SIMS)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းများသည် ယခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဧပြီလအတွင်း တိုက်ခတ်မည်ဖြစ်ပြီး ခန့်မှန်းချက်များအရ အားကောင်းနိုင်၍ ပျက်စီးမှုမြင့်မားနိုင်ကြောင်း၊ အန္တရာယ်ရှိသည့် မုန်တိုင်းများဖြစ်နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း ဆော်လမွန်ကျွန်းစုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းများသို့ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (SIMS)က တိုက်တွန်းမှု ပြုလုပ်ထားသည်။

"မကြာခင် အားကောင်းတဲ့ မုန်တိုင်း သုံးကြိမ်ထိ ဝင်ရောက်တိုက်ခတ်နိုင်ပါတယ်။ အားကောင်းနိုင်တဲ့အတွက် အန္တရာယ်ရှိနိုင်ပါတယ်။ ခန့်မှန်းချက်တွေအရ ပြည်သူတွေ ဘေးကင်းစေဖို့ ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေကို မဖြစ်မနေဆောင်ရွက်သွားသင့်ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအနေနဲ့ ကြိုတင်ကာကွယ်ရေးအစီစဉ်တွေကိုအချိန်မြင့်တင်ဆောင်ရွက်သွားသင့်ပါတယ်"ဟု မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (SIMS)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဟာရီကိန်းမုန်တိုင်း မလီဆာတိုက်ခတ်ပြီးနောက် ကာရစ်ဘီယန်ဒေသတွင်း နိုင်ငံများတွင် အနည်းဆုံး လူဦးရေ ၅၀ သေဆုံးခဲ့

**ကင်းစတန်း နိုဝင်ဘာ ၂**

ဟာရီကိန်းမုန်တိုင်း မလီဆာ တိုက်ခတ်ပြီးနောက် ကာရစ်ဘီယန်ဒေသတွင်း နိုင်ငံများတွင် အနည်းဆုံး လူဦးရေ၅၀ သေဆုံးခဲ့ကြောင်း ဂျမေကာနိုင်ငံအခြေစိုက် Accuweather မိုးလေဝသဌာနမှ ယနေ့ထုတ်ပြန်သော ဟာရီကိန်းမုန်တိုင်း မလီဆာ အစီရင်ခံစာအရ သိရသည်။



ကာရစ်ဘီယန်ဒေသ ကုန်းတွင်းပိုင်းအတွင်းသို့ ဝင်ရောက်ခဲ့သော မုန်တိုင်း အကြီးစားများထဲတွင် ဟာရီကိန်းမုန်တိုင်းမလီဆာသည် လူသေဆုံးမှုများသည့် မုန်တိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ထိုမုန်တိုင်းကြောင့် ဂျမေကာ၊ ဟေတီနှင့် ကျူးဘားနိုင်ငံများတွင် ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူဦးရေ ၅၀ သေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြု ပြောကြားခဲ့သည်။

ဟာရီကိန်းမုန်တိုင်း မလီဆာသည် ဂျမေကာနိုင်ငံတွင်းသို့ ဟာရီကိန်းမုန်တိုင်း အသွင်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လူ ၁၉ ဦးသေဆုံးခဲ့ကာ လူပေါင်း ၄၆၂၀၀၀ ခန့် လျှပ်စစ်မီးမရှိဘဲ နေထိုင်နေရပြီး အရေးပေါ်စားနပ်ရိက္ခာဖြန့်ဝေမှုများ ဆောင်ရွက်နေကြောင်း၊ ဟေတီနိုင်ငံတွင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၁ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၂၀ရှိနေကာ နိုင်ငံတွင်းလမ်းများ၊ အိမ်များ၊ အဆောက်အအုံများ၊ လယ်ယာမြေများနှင့် မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကျူးဘားနိုင်ငံသို့ မလီဆာဟာရီကိန်းမုန်တိုင်း ဝင်ရောက်ခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း၊ အိမ်များ၊ လမ်းများနှင့် သီးနှံများ ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး ကျူးဘားအရှေ့ပိုင်းနှင့် ဆန်တီယေဂိုမြို့အနီး ဒေသများမှ လူသိန်းပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

AccuWeather မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ အနောက်ပိုင်းကာရစ်ဘီယန် ဒေသအတွင်းရှိ ဟာရီကိန်းမုန်တိုင်းမလီဆာကြောင့် ပျက်စီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံမှ ၅၂ ဘီလီယံထိ ရှိနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : KZ

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၈ ဦးထက်မနည်း သေဆုံး

**ဟန္နိုင်း နိုဝင်ဘာ ၂**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၃၁ ရက်မှ စတင်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ယနေ့ထိ သေဆုံးသူ ၂၈ ဦးထက် မနည်းရှိနေကြောင်း Water Resources and Disaster Prevention and Control က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် မြို့များမှာ ဟွာမြို့နှင့် ဒါနန်မြို့တို့ဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်ခြေပေါင်း ၂၂၁၀၀ ထိရှိကြောင်း သိရသည်။

"ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒေသတွေမှာ အောက်တိုဘာ ၃၁ ရက်က စတင်ပြီးတော့ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ ယနေ့ထိ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၈ ဦးထက် မနည်းရှိခဲ့ပြီးတော့ ပျောက်ဆုံးနေသူ ခြောက်ဦးရှိပါတယ်။ ပျောက်ဆုံးနေသူတွေကို ကယ်ဆယ်ရေး ဝန်ထမ်းတွေက အရေးပေါ်အခြေအနေနဲ့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူလဲ များနေတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်"ဟု Water Resources and Disaster Prevention and Control၏ညွှန်ကြားရေးမှူးဖြစ်သူက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# COP30 ညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမည်မဟုတ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ကြေညာ

**ဝါရှင်တန် နိုဝင်ဘာ ၂**

ဘရာဇီးနိုင်ငံ ဘယ်လမ်မြို့တွင် နိုဝင်ဘာ ၁၀ ရက်မှ စတင်ကျင်းပပြုလုပ်သွားမည့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးညီလာခံ COP30 ကို အမေရိကန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်သွားမည်မဟုတ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်ကျင်းပမည့် ညီလာခံကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံး တက်ရောက်သွားမည်ဖြစ်သော်လည်းအမေရိကန်နိုင်ငံအနေဖြင့် ညီလာခံကိုတက်ရောက်မည်မဟုတ်ကြောင်း၊ သမ္မတဒေါ်နယ်ထရန့်က ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ စီမံချက်များအပေါ် အယုံအကြည်မရှိသည့်အတွက် COP30 ညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတဒေါ်နယ်ထရန့်အနေဖြင့် ပြီးခဲ့သော အောက်တိုဘာလက ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများသည် မှားယွင်းသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

"သမ္မတကြီးဟာ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့အတွက် တရားဝင်ထုတ်ဖော် ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးအနေနဲ့ သမိုင်းဝင် စွမ်းအင်ကုန်သွယ်မှုဆိုင်ရာတွေကိုပြုလုပ်ထားနိုင်သူဖြစ်သလို ငြိမ်းချမ်းရေး လုပ်ငန်းတွေကိုလဲ အောင်မြင်အောင် ဆောင်ရွက်နိုင်သူဖြစ်ပါတယ်။ ကမ္ဘာ့စွမ်းအင်လိုအပ်ချက် ပြဿနာကိုလဲ ဖြေရှင်းဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု အိမ်ဖြူတော်အစိုးရမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကင်ညာနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူဦးရေ ၂၁ ဦးထိ မြင့်တက်လာ

**နိုင်ရိုဘီ နိုဝင်ဘာ ၂**

ကင်ညာနိုင်ငံ အနောက်ပိုင်း အယ်လ်ဂျီယို မာရာဝက်ကောင်တီတွင် နိုဝင်ဘာ ၁ ရက်က မြေပြိုမှုကြီးတစ်ခု ဖြစ်ပွားပြီး အနည်းဆုံး လူ ၂၁ ဦး သေဆုံးခဲ့ကာ လူဦးရေ ၃၀ ကျော် ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ပြင်းထန် ဒဏ်ရာရရှိသူ ၂၅ ဦးကိုအနီးနားရှိဆေးရုံများသို့ပို့ဆောင်ကုသပေးနေကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ရပ်ဆိုင်းထားရကြောင်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဒေသခံများမှ အဖွဲ့များပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းကို ယနေ့တွင် ပြန်လည် ဆောင်ရွက်နေပြီးဖြစ်ကြောင်းလည်း ပြည်ထဲရေးနှင့် အမျိုးသား အုပ်ချုပ်ရေးဝန်ကြီးဌာန အတွင်းရေးမှူး ကစ်ချွမ်ဘာ မာကိုမန်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင်အတွင်းရှိ ရွာအများအပြားတွင် မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနေပြီး လမ်းများပိတ်ဆို့ခံရသဖြင့် ကယ်ဆယ်ရေးနှင့် အရေးပေါ် တုံ့ပြန်မှုလုပ်ငန်းများအတွက် အခက်အခဲများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့များကလည်း ပျက်စီးနေသော လမ်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ထိခိုက်ခံရသော မိသားစုများထံ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်း မာကိုမန်က ထပ်မံပြောကြားခဲ့သည်။

ယနေ့တွင် အာဏာပိုင်များက နောက်ထပ် မြေပြိုမှုများ ဖြစ်ပွားနိုင်ခြေရှိသည့် ဒေသများမှ အိမ်ထောင်စုများကို ဘေးကင်းသော နေရာများသို့ ရွှေ့ပြောင်းပေးထားပြီး တောင်ကုန်းနှင့် မြစ်ကမ်းပါး ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်ပြီး ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း ကင်ညာ မိုးလေဝသဌာနက သတိပေးထားသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကလျာ

# တစ်ပွဲစား စံနက်ကျော်

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

"ဟေ့ . . . ဖိုးနီ၊ ကြိုးကို နည်းနည်းချင်းဆွဲဖော်ကြည့်စမ်း။ သတိနဲ့ဆွဲနော်။ ရေအောက်က ဆွဲရင် အသာလျှော့ပေးပြီးမှ ပြန်ဆွဲဟုတ်ပြီလား"

နိုင်လွန်ကြိုးကို စ၍ဆွဲသည်။ ဘေးလှေနှစ်စင်းဆီမှ လက်နှိပ်ဓာတ်မီးနှစ်လက်၏ အလင်းရောင်ကြောင့် ကောင်းစွာမြင်နေရသည်။ တစ်စတစ်စနှင့် ကြိုးကပါလာနေပြီ။ လူခြောက်ဦး၏ မျက်စိအစုံတို့သည် နိုင်လွန်ကြိုးပေါ်တွင် စူးစိုက်စွာရှိနေကြသည်။

ငါးမျှားချိတ်များနှင့်တွဲချည်ထားသော သံပုံးကြီးများပင် လှေဦးနားရောက်တော့မည်။ ရေအောက်မှ လေးလံသောအကောင်ကြီး ပါလာသည်ကတော့ ကျိန်းသေသည်။ ဆွဲတင်နေသော နိုင်လွန်ကြိုးစသည် လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တုန်ခါပြီးပါလာသည်။ ဘာကြောင့် မရုန်းမကန်ဘဲ ပါလာသနည်း။ ဖိုးနီစဉ်းစား၍မရ။ ဘာအကြံအစည်များရှိနေပါလိမ့်။

ဦးစံနက်ကျော်သည် လှေဦးတွင် ခြေကိုခွ၍ရပ်ပြီး တစ်ဖက်က ဓာတ်မီးကိုထိုးရင်း၊ တစ်ဖက်က သံမဏိမှိန်းကြီးကို အသင့်ပြင်ရင်း "ဆက်ဆွဲ. . . ဆက်ဆွဲ"ဟုလေသံဖြင့် ဖိုးနီကိုပြောသည်။ ဖိုးနီက ဆက်ဆွဲသည်။

ရုတ်တရက် ကြိုးစသည် လက်ထဲတွင် လျော့ရိလျော့ရဲပါလာပြီး သူတို့လှေနှင့် အတောင်နှစ်ဆယ်ခန့်အကွာတွင် ရေမငါးကြီးတစ်ကောင် ဘွားခနဲပေါ်လာလေတော့၏။ "ဟာ" ခနဲ၊ "ဟင်" ခနဲ အသံတွေ ဆူညံစွာထွက်ပေါ်လာသည်။

"ဘုရား ဘုရား . . . ဘာကောင်ကြီးတွေ လဲဟ"

လှေပဲ့မှ အောင်ရှိန်း၏ အလန့်တကြားအော်သံထွက်လာသည်။

ဖိုးနီသည် ဆွဲလက်စကြိုးစကို လွှတ်ချပြီး ညာလက်က လှေဝမ်းထဲတွင် အလျားလိုက်ချထားသည့် ငါးထိုးမှိန်းကို ဖျတ်ခနဲကောက်ကိုင်ပြီး ငါးကြီးဆီသို့ အားနှင့်လွှတ်၍ ထိုးလိုက်စဉ် ဘေးလှေမှ ကိုညို၏ မှိန်းသွားသည်လည်း လှစ်ခနဲ အားနှင့်ထွက်လာကာ ငြိမ်သက်နေသော ငါးကြီးဆီ ပြေးဝင်သွားတော့၏။

(၆)

နာကျင်ကြောက်လန့်နေသည့်ငါးကြီးက တစ်ဖန်ဆွဲပြေးလေသဖြင့် ဆွဲတင်ထားသောကြိုးများ တလျှောလျှောနှင့် ဆန့်ထွက်လိုက်ပါသွားပြီး ကြိုးဆုံးလျှင်တော့ ဖိုးနီတို့ လှေသုံးစင်းတွဲကြီးတရွေ့ရွေ့ပါသွားပြန်လေပြီ။

လှေဦးတွင် ဒူးထောက်လျက် ငါးကြီးဆွဲပြေးရာဘက်ဆီမှန်း၍ ဓာတ်မီးနှင့် ထိုးကြည့်နေသော ဦးစံနက်ကျော်က ဒေါသဖြစ်စွာ တောက်တစ်ချက်ခေါက်လိုက်ပြီး "ခွေးမသားတွေ... ခွေးမသားတွေ ငါအမိန့်မပေးဘဲ ဘာမှမလုပ်ပါနဲ့လို့ သေသေချာချာမှာထားလျက်နဲ့ကွာ"ဟု ကြိမ်းမောင်းရေရွတ်နေသည်။

ညဉ့်နက်သန်းခေါင်ကျော်လောက် ရှိနေပြီ။ စောစောက စဲစပြုနေသည့်မိုးသည် ခပ်ဖွဲဖွဲကြဲပက်နေပြန်သည်။ လကွယ်ရက်ပေမို့ လ၏အလင်းရောင်ကို မျှော်မှန်း၍မရနိုင်။

လက်နှိပ်ဓာတ်မီး အလင်းရောင်တန်းမှအပ အမှောင်ထုကြီးကသာ မြစ်ပြင်ကိုလွှမ်းမိုးထားနေဆဲဖြစ်၏။ ကြောက်လန့်နာကျင်စွာ ဆွဲပြေးနေသော ငါးကြီးကြောင့် လှေဦးနှင့်ရေပြင်တို့ တိုးတိုက်ရာမှ တဟဲဟဲ မြည်သံနှင့်အတူ ရေစက်ရေမှုန်များက တဖွားဖွား လွင့်ပျံ့လျက်ရှိသည်။

ဖိုးနီတို့၊ ကိုညိုတို့တစ်တွေက ဦးစံနက်ကျော် အမိန့်မရဘဲ ငါးကြီးကို မှိန်းနှင့်ထိုးမိသည့်အတွက် အသာငြိမ်၍ပါလာသည်။ လှေကိုတွဲထားသော ဝါးပိုးဝါးများကြောင့် လှေမှောက်မှာတော့ မစိုးရိမ်ရပေ။ သို့သော် ငါးကြီးမိနေသော ငါးမျှားချိတ်သည် မည်သည့်အချိန်ထိ တောင့်ခံထားနိုင်မည်နည်း။

ငါးကြီး၏ဆွဲအား၊ ရုန်းအားကြောင့် ငါးမျှားချိတ်ကျိုးထွက်သွားမလား၊ သို့မဟုတ် စန့်ထွက်သွားမလား၊ နောက်ဆုံးနိုင်လွန်ကြိုးကရော ဘယ်အချိန်ထိ ခံနိုင်မည်နည်း။ ထိုအချက်များထဲက တစ်ခုခုသာ ဖြစ်သွားလျှင် ငါးကြီးလွတ်ထွက်သွားတော့မည်။ တစ်ညလုံးနီးပါး မိုးထဲ၊ လေထဲတွင် သက်စွန့်ဆံဖျားပင်ပန်းခံထားခဲ့သမျှ အလဟဿဖြစ်ရတော့မည်။

"အဘ ဘယ်ရောက်နေပြီလဲဗျ။ ဘာမှလဲ မမြင်ရဘူး။ မှောင်လိုက်တာကလဲပိန်းလို့"

အသက်ကလည်းငယ်၊ အတွေ့အကြုံလည်းနုနယ်သေးသည့် စိန်ကုလားက တုန်တုန်ယင်ယင်ဖြင့်မေးသည်။

"ဟဲ့ကောင် ဘာမှမပူနဲ့။ ငါတစ်ယောက်လုံးရှိတယ်။ လှေပဲ့သာ ဖြောင့်ဖြောင့်ကိုင် "

စိန်ကုလားကို ဟောက်ရင်း အဘစံနက်ကျော် ဓာတ်မီးဖြင့်ဝေ့ဝိုက်၍ ထိုးကာ ကမ်းကိုရှာသည်။ ဖြူဖွေးစူးရှသော အလင်းတန်းအောက်တွင် ကမ်းစပ်တောတန်းတို့ကို ရိပ်ခနဲမြင်လိုက်ရသည်။

"ဟဲ့ကောင်ဖိုးနီ ကြိုးကိုဆွဲစမ်း။ မလျှော့နဲ့ တင်းတင်းဆွဲ"ဟုပြောလျှင် ဖိုးနီသည် ဒူးထောက်ထိုင်ရင်းက ကြိုးကိုတအားဆွဲသည်။ မရချေ။ "ဟေ့ကောင် ညို ကူဆွဲစမ်း။ ဆောင့်ဆွဲစမ်း။ ဆောင့်ဆွဲ ဘာမှမကြောက်နဲ့ ဆွဲ"ဟု အရေးတကြီးလှမ်းအော်သည်။

နှစ်ယောက်အားနှင့်ဆောင့်ဆွဲသဖြင့် တန့်သွားကာ လှေဦးက ရေထဲနစ်ဝင်မတတ်စိုက်ဆင်းပြီး ရေများ ဟောခနဲဝင်လာသည်။

"မလျှော့နဲ့ . . . မလျှော့နဲ့ . . . ဆွဲ . . . ဆွဲ"

**❖ တစ်ပွဲစား စံနက်ကျော်တစ်ယောက်ကတော့ဖြင့် အိပ်၍မဖြစ်သေး။ သူ၏တပည့်သားများကို တံငါတို့တတ်အပ်သော အတတ်ပညာများ၊ အန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါတွင် တည်တည်ငြိမ်ငြိမ် သတ္တိရှိရှိ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် စသည့်အချက်များ သင်ပေးထားခဲ့ရန် သူ့တွင်တာဝန်များရှိနေပါသေးကလားဟု တွေးနေမိပါတော့သည်။ ပြီးတော့ နံနက်လင်းသည်နှင့် ငါးမန်းကြီးကိုဖျက်ရမည်။ အကောင်လိုက် သယ်ယူရန်မလွယ်။ ❖**

အဘစံနက်ကျော်၏ အော်သံဆုံးလျှင် ရေအောက်က ဆွဲပြေးနေသော ငါးကြီးသည် ဦးတည်ရာဘက်မှ ဘေးသို့ကွေ့ကာ ဆတ်ခနဲ ရုန်းထွက်သည်။

လှမ်းထိုးထားသော လက်နှိပ်မီးရောင်အောက်တွင် ကမ်းစပ်ရှိ လမုပင်များ၊ သမန်းချုံများ ရိပ်ခနဲ လှေဆီပြေးဝင်လာကာ လှေဦးကစ၍ ချုံစပ်များထဲတိုးဝင်ကာ ရပ်တန့်သွားလေပြီ။

(၇)

"သင်း ဘာတတ်နိုင်သေးလဲကွ ဟင် . . . စံနက်ကျော်ကို ဒီလိုလာစမ်းလို့ ရစတမ်းလားကွ။ ဟား ဟား ဟား"

ထိုအချိန်မှာပင် ရွာသားတစ်စုတို့ မီးခွက်၊ မီးအုပ်များ၊ ဓာတ်မီးများ၊ ဓားများ၊ လှံများကိုင်ကာ ရောက်လာကြသည်။ ရွာသားများထဲမှ အဘိုးကြီးတစ်ဦးက သူတို့လှေပေါ် ဓာတ်မီးနှင့်ထိုးကြည့်ပြီး "အမယ် ဆူဆူညံညံအသံတွေနဲ့ ဘယ်သူတွေများပါလိမ့်ဆိုပြီး ထွက်လာခဲ့ကြတာ။ စံနက်ကျော်တို့ပါလားဟ။ ကမ်းပေါ်ထိုးတင်နေတာကလဲ ငါးမန်းကြီးလား၊ ငါးရွှေးကြီးလား။ လာ. . . လာ ကမ်းပေါ်တက်ကြ၊ အချမ်းပြေ ရေနွေးကြမ်းလေး၊ ဘာလေးသောက်ရအောင်"ဟု ခေါ်လေသည်။

ဦးစံနက်ကျော်တို့တစ်တွေ တလိုင်းစုရွာကလေးရှိ သူငယ်ချင်း မန်းအောင်ခင်၏အိမ်ပေါ်တက်၍ ရေနွေးကြမ်းသောက်နေချိန်တွင်တော့ အရုဏ်တက်စပြုနေပြီ။

သည်လောက်ကြီးသောငါးကြီးကို မမြင်ဖူးကြသော ရွာသားများကတော့ သူ့ထက်ငါ ငါးကြီးဆီသွားကြည့်ကာ တအံ့တသြ ဆူဆူညံညံ ပြောဆိုနေကြသံများ စီစီညံနေတော့သည်။

ပြီးခဲ့သည့်လက သူတို့မြစ်ဝကျွန်းပေါ်ဒေသတစ်ခွင်ဝင်၍ မွှေသွားသော မုန်တိုင်းကြီးက ဘင်္ဂလားပင်လယ်အော်ဆီမှစတင်၍ ပင်လယ်ကွေ့တစ်ဝိုက်ရှိ ဒေသအနှံ့အပြားကို လေပြင်းများတိုက်၊ ဒီရေလှိုင်းကြီးများက လယ်ကွင်းများအပေါ်၊ ရွာများ၊ မြို့များအပေါ်၊ ကမ်းစပ်ရှိ ဒီရေတောများ၊ အင်းများ၊ အိုင်များ၊ မြစ်ချောင်းများအပေါ် ဖုံးလွှမ်းချေဖျက်သွားခဲ့လေသည်။

ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လပွတ္တာ၊ ဘီတွတ်၊ ကံပဲ့၊ မော်လမြိုင်ကျွန်းမြို့နယ်များအတွင်းရှိ လယ်များ၊ ယာများ၊ ငါးဖမ်းလုပ်ငန်းများ၊ ကျားပိုက်များ၊ ငါးဖမ်းလှေများကို ဖျက်ဆီးသွားခဲ့လေသည်။

ထိုပြင်းထန်သော မုန်တိုင်းကြီးနှင့် ပေပေါင်းများစွာမြင့်သော ဒီရေလှိုင်းကြီးများကြောင့် ပင်လယ်ကွေ့ဆီမှ အချို့သောငါးများ မျောပါလာပြီး မြစ်ကြီးများထဲတွင် မျက်စိလည်ကျန်ရစ်ခဲ့သည်။

ဦးစံနက်ကျော်တို့မိသော ငါးမန်းကြီးသည် ထိုအထဲမှ တစ်ကောင်သာဖြစ်၏။ ငါးမန်းကြီး၏ ခေါင်းပိုင်းတွင်လည်းကောင်း၊ အမြီးပိုင်းတွင်လည်းကောင်း မည်သည့်အရာဝတ္ထုများနှင့် ထိခိုက်တွန်းတိုက်လာသည်မသိ၊ ဒဏ်ရာဒဏ်ချက်များဗရပွနှင့်နာနေသောငါးမန်းကြီးဖြစ်၏။

မြစ်သုံးခွဆိုင်ဝဲကြီးသည် ရေနက်လှသည်ဖြစ်၍ အသာခိုကပ်နေရင်း ဟိုနေရာပေါ်လိုက်၊ သည်နေရာပေါ်လိုက်၊ ပိုက်များဝင်တိုးလိုက်၊ တန်းကြိုးများနှင့်ငြိကာပြတ်ထွက်လိုက်နှင့်ရေစိမ်း၊ မြေစိမ်း၊ ဒေသစိမ်းတွင် အံမဝင်ခွင်မကျဖြစ်နေရတော့၏။

ယခုလည်း ဦးစံနက်ကျော်တို့ ဝဲကြီးနားတွင် ချထားသော အချောင်း ငါးဆယ်ခန့်ရှိ ငါးမျှားပဒေသာတွဲကြီးတွင်ဝင်ငြိပြီး ရုန်းလေရုန်းလေ ငါးမျှားချိတ်များက တစ်ကိုယ်လုံးတွင် နေရာအနှံ့ချိတ်မိတွယ်မိလေဖြစ်ကာ မောပန်းလွန်း၍ မြစ်ပြင်မှထအပေါ်တွင်မှု စူးရဲထက်မြက်လှသော မှိန်းစွယ်၊ မှိန်းချက်များကြောင့် ပြေးမိပြေးရာ ကမ်းစပ်ပေါ်ထိုးတက်မိခြင်းသာဖြစ်တော့သည်။

"မင်းတို့သာ မှိန်းနဲ့မထိုးခဲ့ရင် ဒီလောက်ဒုက္ခမရောက်ဘူးကွသိလား။ မိထားတဲ့ငါးမျှားချိတ်တွေက အများကြီးဆိုတော့

**စာမျက်နှာ ၂၅ သို့ á**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



ဝက်လက် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မြေပဲ ၅၃၁၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၁ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်မှာ မြေပဲ ၅၃၁၁ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေ အားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေ အထားမှာရှိပါတယ်"ဟု ဝက်လက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိ စေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် ကင်းထောက်မှတ်တမ်း ယူခြင်းလုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေ သည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သော ကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုး နိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ကေ စိုက်ပျိုးမည်

ငပုတော နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ကေ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလဒုတိယပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာတွင် ငပုတောမြို့နယ်၌ ၂၆၉၈ ကေ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂၄၉၉ ကေ၊ ငရုတ်ကောင်းမြို့တွင် ၇၂၈ ကေ စုစုပေါင်း ၅၉၂၅ ကေ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်အတွင်း စားဖိုဆောင်သီးနှံ ၅၉၂၅ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားကေ အတိုင်း ပြည့်မီအောင် စိုက်နိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ အဲဒီလိုပြင်ဆင်ပြီးတာနဲ့ ဆက်လက် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာမှာ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းတဲ့ သီးနှံတွေကို အဓိက စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးရာ၌ ငရုတ်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ သခွား၊ ဘူးသီး၊ ရွှေဖရုံသီး စသည့် သီးနှံများ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

လွတ်လဲ မထွက်နိုင်ဘူး။ မောပြီးမှိန်းနေတုန်း အသာချော့ဆွဲပြီး ကမ်းကပ်လိုက်ရင် ပြီးနေတဲ့ဥစ္စာ၊ မင်းတို့က မှိန်းတွေနဲ့ထိုးတော့လန့်ပြီး အသက်ဘေးက လွတ်အောင် မြစ်ကြောင်းအတိုင်း ဆွဲပြေးတာကွ။ ဒါကြောင့် ငါက အတင်းဆောင့်ဆွဲခိုင်းရတာ။ အဲဒီတော့ နာနာနဲ့ကွေ့ပြေးတော့ မြစ်ကမ်းပေါ် ထိုးတက်ရတော့တာပဲ မဟုတ်လား"

ဦးစံနက်ကျော်၏ စကားကို ဝိုင်းနားထောင်နေကြသည်။ ဦးစံနက်ကျော်၏ သူငယ်ချင်း မန်းအောင်ခင်က ငါးခြောက်ဖုတ်များ၊ ထမင်းကြမ်းများနှင့် ညှော်ခံလေသည်ကို မောမောဆာဆာနှင့်စားရင်း စကားကောင်းနေကြ၏။

(၈)

အရှေ့ဘက်ဆီတွင် ပုစွန်ဆီသွေးရောင်၊ ရောင်နီပျိုးနေပြီး တစ်ညလုံးလုံး ရွာလိုက် တိတ်လိုက်၊ ကျဲလိုက် သည်းလိုက်နှင့် ကြမ်းချင်တိုင်း ကြမ်းနေခဲ့သည့် မိုးမင်းကြီး လက်လျှော့သွားခဲ့ပြီ။

ဦးစံနက်ကျော်၏ တပည့်များသည် ရွာခံ ကာလသားများနှင့် စကားလက်ဆုံကျပြီး ငါးမန်းကြီး ဖမ်းခဲ့သည့်အတွေ့အကြုံများကို စွန့်စားခန်းတစ်ခုသဖွယ် သူကဘယ်လို ငါကဘယ်လို သက်စွန့်ဆံဖျားရင်ဆိုင် ယှဉ်ပြိုင်အနိုင်ယူခဲ့ကြပုံများကို အသားယူ ကြွားဝါခဲ့ကြပြီး ယခုတော့ မောမောနှင့် အိပ်ပျော်ကုန်ကြပြီ။

အိမ်ရှေ့ခန်းတွင် ခင်းထားသည့် နီးကြော ဖျာကြမ်းကြီးများပေါ်တွင် ဖိုးနီတို့၊ စိန်ကုလားတို့၊ ကိုညိုတို့တစ်တွေ တခေါခေါ ဟောက်နေကြပြီ။

တစ်ပွဲစား စံနက်ကျော်တစ်ယောက်ကတော့ဖြင့် အိပ်၍မဖြစ်သေး။ သူ၏တပည့်သားများကို တံငါတို့ တတ်အပ်သော အတတ်ပညာများ၊ အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါတွင် တည်တည်ငြိမ်ငြိမ် သတ္တိရှိရှိ မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ရန် စသည့်အချက်များ သင်ပေးထားခဲ့ရန် သူ့တွင်တာဝန်များ ရှိနေပါသေးကလားဟု တွေးနေမိပါတော့သည်။

ပြီးတော့ နံနက်လင်းသည်နှင့် ငါးမန်းကြီးကိုဖျက်ရမည်။ အကောင်လိုက် သယ်ယူရန်မလွယ်။ သည်တော့ အသားများ ဈေးသို့ပို့ရမည်။ အားလုံးဝိုင်းကူကြသော တလိုင်းစုရွာသားများကို သင့်လျော်သလို ဟင်းစားများပေးရမည်။

ရွာမှာ ကျန်ရစ်သည့် အိမ်သူအိမ်သား၊ ဇနီးမယားများက သူတို့ပြန်ချိန်တန်၍မှ ပြန်မရောက်လျှင် စိတ်ပူကြလိမ့်မည်။ ထို့ကြောင့် လှေတစ်စင်းစီစဉ်ကာ ရွာကိုပြန်၍ပြောရဦးမည် စသည်ဖြင့် ခေါင်းဆောင်ပီပီ အစီအစဉ်များချရင်း ဆေးပေါ့လိပ်တစ်တို၊ ရေနွေးကြမ်းတစ်အိုးနှင့် ငုတ်တုတ်ထိုင်နေဆဲသာရှိနေတော့သည်။

## အောင်ပန်းပန် အောင်ပွဲလွှမ်းစေဖို့

\- ဘဝတာ ခရီးလမ်း
ဖြတ်သန်းရင်း လှမ်းကြစဉ်၊
ငယ်ရွယ်ခါ ချိန်မလင့်မီက
အားမြှင့်မှလျှင်၊
ရည်မှန်းချက် မြင့်မားစွာပင်
ထားရှိအစဉ် စွဲမှတ်ရစ်၊
တက်လှမ်းရွယ် ပန်းတိုင်လမ်းတွက်
နိဒါန်းဖွင့်လှစ်။

\- ရည်မှန်းရာ မယွင်းမပျက်ဖို့
ယုံကြည်ချက် ခိုင်မာစေ၊
မသွေဖည်အောင် ဖြောင့်ဖြောင့်လှမ်းကြ
ကြိုးပမ်းကာလေ၊
တွေးခေါ်မြင့်မား ကြိုးကုတ်ဖွေ
အသိကြွယ်စေ တက်ကုန်ဝင့်၊
စွဲမှတ်ကာ အသုံးချလို့
ပြည့်ဝအောင်မြှင့်။

\- ရည်မှန်းရာ ဖော်ဆောင်ရွက်ခိုက်
ဆုံးဖြတ်ချက် မှန်ရမည်၊
ပြတ်သားစွာ မဆုတ်မတွန့်
ရဲဝံ့ယုံကြည်၊
ဖွဲ့စိတ်ဓာတ် အရင်းတည်
အားထုတ်ရည် စွဲမှတ်သား၊
သန္နိဋ္ဌာန် ခိုင်ကျည်စွဲလို့
လမ်းလွဲဖယ်ရှား။

\- ဖြတ်သန်းရာ ခရီးလမ်းအကြား
အတားအဆီး မျိုးစုံလင်၊
ထိပ်တိုက်ကြုံ အကောက်အကွေ့များ
တွေ့ရမည်ပင်၊
အန်တုလို့ လမ်းကောင်းထွင်
ပြင်ဆင်ကာ အားသစ်လောင်း၊
ပန်းတိုင်ရည်
လှမ်းပြိုင်ချီ အားသွန်မြန်းလေခိုက်
အောင်ပန်းပန် အောင်ပွဲလွှမ်းနိုင်ဖို့
လမ်းကောင်းဖွေ လမ်းညွှန်ချက်တွေ
တစ်သက်တာ ခံယူကျင့်ပါလို့
အလှဖြာ ပွဲလယ်တင့်
ဂုဏ်မြင့်စေကြောင်း.....။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စပါးသီးနှံတွင်တွေ့ရှိရသော အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများနှင့် ကုစားနည်းများ

**❖ လူသားများနာမကျန်းပါက နားလည်တတ်ကျွမ်းသည့် ဆရာဝန်ထံပြသ၍ ဆရာဝန်ညွှန်ကြားသည့် ဆေး၊ နှုန်းထားနှင့် သောက်ရမည့်အကြိမ်ရေတို့ဖြင့် ကုသပါက ပြန်လည်ကျန်းမာလာနိုင်သကဲ့သို့ စိုက်ပျိုးသီးနှံများတွင် လုံလောက်သော အာဟာရဓာတ်မရရှိပါက အပင်ကျန်းမာသန်စွမ်းမှု လျော့နည်းလာပြီး အပင်သီးပွင့်တင်မှုနှင့် အထွက်နှုန်းကိုထိခိုက်စေနိုင်သည်။ ထို့ကြောင့် မှန်ကန်သော အပင် အာဟာရဓာတ်၊ ပမာဏနှင့် ထည့်သွင်းရမည့်အကြိမ် ပြည့်မီရေးသည် တောင်သူဝင်ငွေတိုးရေးနှင့် အထွက်တိုးရေးတို့တွင် အဓိကကျသဖြင့် စိုက်ပျိုးသီးနှံများတွင် အပင်ပြအာဟာရဓာတ်ချို့တဲ့သည့် လက္ခဏာများကို ဆန်းစစ်ခွဲခြား၍ လိုအပ်သော အာဟာရဓာတ်များကို ထည့်သွင်းပေးနိုင်လျှင် သီးနှံအထွက်တိုးစေနိုင်မည်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအား ထားလုပ်ကိုင်သောနိုင်ငံဖြစ်ပြီး အဓိကသီးနှံ ၁၀ မျိုး ဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ဝါနှင့် ကြံသီးနှံ တို့ကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက် မြင့်မားစေရေးနှင့် ချမှတ်ထားသော အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းရရှိရေးသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာပါသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် သီးနှံ စိုက်ပျိုးဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက သီးနှံအထွက်နှုန်းတိုးရေး၊ အဓိကသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" စသည့်တို့ကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက် လုပ်ကိုင်လျက်ရှိပါသည်။ လက်ရှိ နိုင်ငံတစ်ဝန်း မိုးစပါး စိုက်ဧကပေါင်း ၁၅ သန်းခန့်နှင့် နွေစပါး စိုက်ဧကပေါင်း နှစ်သန်းခန့်မှ နှစ်စဉ်စပါးတင်းပေါင်း ၂၁၃ သန်းခန့် ထွက်ရှိလျက်ရှိပြီး အဆိုပါမိုးစပါးနှင့် နွေစပါးစိုက်ဧရိယာများမှ ပန်းတိုင်အထွက်နှုန်း များရရှိပါက ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပတင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံ့ဝင်ငွေ တိုးတက်စေမည်ဖြစ်သည်။ ထို့ကြောင့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အရည်အသွေး ကောင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်ကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမည့်မြေကို အရည်အသွေးကောင်းမွန်စေရန် စနစ်တကျပြုပြင်ပြီး လိုအပ်သည့် သွင်းအားစုမြေဩဇာများကို အချိန် ကိုက် အချိုးကျထည့်ပေးခြင်း၊ စိုက်ပျိုးရေ ဖူလုံစွာ ရရှိနိုင်စေရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန် ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း တို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တောင်သူတို့၏ အကျိုးစီးပွား မြင့်မားတိုးတက်လာစေမည်ဖြစ်သည်။ အဆိုပါအချက်အလက်များအပေါ်အခြေခံ၍ မိုးစပါး သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေဆီလွှာ ကျန်းမာရေးကောင်းမွန်စေရန်နှင့် တောင်သူများ၏ စိုက်ပျိုးမြေများတွင် အပင်ကြီးထွား ဖွံ့ဖြိုးမှု၊ သီးပွင့်မှု နှင့် အစေ့အဆန် အောင်မြင်မှုတို့အတွက် မြေဆီလွှာ အတွင်းရှိ အာဟာရဓာတ်များကို အပင်များမှ ကောင်းစွာရရှိရန် လိုအပ်ပါသည်။

လူသားများ ကျန်းမာစွာနေနိုင်ဖို့အတွက် ပမာဏခပ်များများ စားရန်လိုအပ်သည့် အစား အစာများရှိသကဲ့သို့ ပမာဏအနည်းငယ်သာ စားရန် လိုအပ်သည့် အစားအစာများလည်းရှိသည်။ ပမာဏအားဖြင့် ထမင်း၊ အသီးအနှံနှင့် ဟင်းသီးဟင်း ရွက်များကို အများအပြားစားရန် လိုအပ်သော်လည်း သကြား၊ အဆီနှင့်နို့ထွက်ပစ္စည်းများကို ပမာဏ အနည်းငယ်သာ စားပေးရန်လိုအပ်သည်။ ထိုနည်း တူစွာပင် ထွန်ယက်စိုက်ပျိုးနေသည့် မြေဆီလွှာ သည်လည်း သက်ရှိများဖြင့် သက်ဝင်လှုပ်ရှား နေသည့် ကြားခံကြီးဖြစ်သည့်အားလျော်စွာ သီးနှံပင် များကြီးထွားဖို့ အပင်အာဟာရများ အထောက်အပံ့ ပေးရာ အလွှာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် အပင်အာဟာရဓာတ်ကို သေသေချာချာသိဖို့လိုအပ်သည်။

အပင်အာဟာရဓာတ်ဆိုသည်မှာ သီးနှံပင်များ ကြီးထွားရန် အစားအစာအဖြစ် လိုအပ်သည့် မြေဆီ လွှာအတွင်းရှိ သေးငယ်သော အမှုန်များဖြစ်သည်။ အချို့အာဟာရဓာတ်များကို အပင်များမှ ပမာဏ အများအပြားလိုအပ်သော်လည်း အချို့အာဟာရ ဓာတ်များကို အနည်းငယ်သာလိုအပ်သည်။ အပင် များရှင်သန်ကြီးထွားရန် ပမာဏအများအပြား လိုအပ်သော အပင်အာဟာရများမှာ နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့် ပိုတက်စီယမ်တို့ဖြစ်ပြီး ဒုတိယ အများလိုအာဟာရဓာတ်များမှာ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလဖာတို့ဖြစ်ပြီး အနည်းငယ်လိုသော အာဟာရဓာတ်များမှာ သံဓာတ်၊ မင်းဂနိစ်၊ ကော့ပါး၊ ဘိုရွန်နှင့်ဇင့် စသည်တို့ဖြစ်သည်။

လူသားများနာမကျန်းပါက နားလည်တတ် ကျွမ်းသည့်ဆရာဝန်ထံပြသ၍ ဆရာဝန်ညွှန်ကြား သည့် ဆေး၊ နှုန်းထားနှင့် သောက်ရမည့်အကြိမ်ရေ တို့ဖြင့် ကုသပါက ပြန်လည်ကျန်းမာလာနိုင်သကဲ့သို့ စိုက်ပျိုးသီးနှံများတွင် လုံလောက်သော အာဟာရ ဓာတ်မရရှိပါက အပင်ကျန်းမာသန်စွမ်းမှု လျော့နည်း လာပြီး အပင်သီးပွင့်တင်မှုနှင့် အထွက်နှုန်းကို ထိခိုက် စေနိုင်သည်။ ထို့ကြောင့် မှန်ကန်သော အပင် အာဟာရဓာတ်၊ ပမာဏနှင့် ထည့်သွင်းရမည့်အကြိမ် ပြည့်မီရေးသည် တောင်သူဝင်ငွေတိုးရေးနှင့် အထွက် နှုန်းတိုးရေးတို့တွင် အဓိကကျသဖြင့် စိုက်ပျိုးသီးနှံများ တွင် အပင်အာဟာရဓာတ်ချို့တဲ့သည့် လက္ခဏာ များကို ဆန်းစစ်ခွဲခြား၍ လိုအပ်သော အာဟာရဓာတ် များကို ထည့်သွင်းပေးနိုင်လျှင် သီးနှံအထွက်တိုး စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စပါးသီးနှံတွင် တွေ့ရှိရသော အာဟာရဓာတ်ချို့တဲ့မှု လက္ခဏာများ နှင့် ကုစားနည်းများကို စပါးသီးနှံစိုက်ပျိုးရေးတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် ရေးသားဖော်ပြ သွားပါမည်။

၁။ နိုက်ထရိုဂျင်(N)ဓာတ်ချို့တဲ့မှုလက္ခဏာများ



နိုက်ထရိုဂျင်ချို့တဲ့သောစပါးအရွက်များ




နိုက်ထရိုဂျင်ချို့တဲ့သော စပါးပင်ကို နိုက်ထရိုဂျင်ကြွယ်ဝသော စပါးပင်နှင့်ယှဉ်ပြထားပုံ

### ၁။ နိုက်ထရိုဂျင် (N) ဓာတ်ချို့တဲ့ခြင်း

နိုက်ထရိုဂျင် (N) ဓာတ်ချို့တဲ့ခြင်းသည် စပါး သီးနှံတွင် အများဆုံးတွေ့ရလေ့ရှိသည့် အာဟာရ ချို့တဲ့မှုဖြစ်သည်။ မြေဆွေးပါဝင်မှုနည်းပြီး သဲဆန် သော မြေချဉ်များတွင် အများဆုံးတွေ့ရသည်။ ဆား၊ ဆပ်ပြာပေါက်မြေနှင့် ရေဝပ်သောမြေများတွင် တွေ့နိုင်သည်။ အပင်ပု၍ ပင်ပွားနည်းကာ အစာချက် လုပ်နိုင်မှု လျော့ကျစေသောကြောင့် စပါးအထွက်နှုန်း လျော့နည်းစေသည်။

**နိုက်ထရိုဂျင်ဓာတ်ချို့တဲ့သည့် လက္ခဏာ**

နိုက်ထရိုဂျင်ချို့တဲ့ပါက အပင်ကြီးထွားမှုရပ်တန့် ပြီး အောက်အရွက်များ စိမ်းဝါရောင်သို့ ပြောင်းသွား သည်။ ပြင်းထန်သော အခြေအနေများတွင် အရွက် အားလုံးသည် စိမ်းဖျော့ဖျော့အရောင် ဖြစ်နေသည်။ အရွက်များသည် ရွက်ပြားကျဉ်း၍ အရွက်တိုးလာကာ ထောင်မတ်နေပြီး စိမ်းဝါရောင်သို့ ပြောင်းနေသည်။

**ကုစားနည်း**

နိုက်ထရိုဂျင်ဓာတ်ချို့တဲ့ပါက မြေဆီလွှာအတွင်း တစ်ဧကလျှင် ယူရီးယား ၁၃၃ ပေါင်ကို သုံးကြိမ်ခွဲ၍ ထည့်သွင်းပေးသင့်သည်။ ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာတွင် ယူရီးယား ၁၀ ဂရမ် ၁ ရာခိုင်နှုန်း ဖျော်၍ ၁၅ ရက်ခြားပြီး ရောဂါလက္ခဏာများ ပျောက်ကွယ်သွားသည်ထိ ဖျန်းပေးသင့်သည်။

၂။ ဖော့စဖရတ်(P)ဓာတ်ချို့တဲ့မှုလက္ခဏာများ



ဖော့စဖရတ်ချို့တဲ့သောစပါးပင်အားသာမန်အပင်နှင့်ယှဉ်ပြထားပုံ



ဖော့စဖရတ်ချို့တဲ့နေသောစပါးခင်း

### ၂။ ဖော့စဖရတ် (P) ဓာတ်ချို့တဲ့ခြင်း

ဖော့စဖရတ်ချို့တဲ့မှုကို ချဉ်လွန်း၊ ငန်လွန်းသော မြေများတွင် တွေ့ရလေ့ရှိသည်။ ခဲကြပ်မြေများတွင် လည်း ချို့တဲ့မှုတွေ့ရှိနိုင်သည်။ ထိခိုက်မှုအနေဖြင့် အရွက်၊ အနှံနှင့် တစ်နှံပါအောင်စေ့ အရေအတွက်များ လျော့နည်းစေသည်။

**ဖော့စဖရတ် (P) ဓာတ်ချို့တဲ့သည့်လက္ခဏာ**

ဖော့စဖရတ်ချို့တဲ့ပါက ပင်ပွားနည်း၍ အပင်ပု ခြင်း၊ ပင်စည်များ သေးသွယ်ခြင်း၊ အရွက်ပြားကျဉ်း ၍ အရွက်များတိုလာခြင်း၊ အရွက်ထောင်မတ်ပြီး အစိမ်းရင့်ရောင် ဖြစ်နေခြင်းတို့ကို တွေ့ရတတ်သည်။ အရွက်ရင့်များသည် နီညိုရောင် (သို့မဟုတ်) ခရမ်း ရောင်သန်းနေသည်။ အပင်ကြီးထွားမှုရပ်တန့်ကာ အောက်ရွက်များ အညိုရောင်ပြောင်း၍ သေဆုံးသွား နိုင်ပါသည်။

**ကုစားနည်းများ**

တီစူပါမြေဩဇာကို မြေပြင်စဉ်ထည့်ပေးရသည်။ ဖော့စဖရတ်ချို့တဲ့ပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာတွင် ဒိုင်အမိုနီယမ် ဖော့စဖိတ် (DAP)ဂရမ် ၂၀ ဂရမ် ၂ ရာခိုင်နှုန်းကိုဖျော်၍ ၁၅ ရက်ခြားပြီး နှစ်ကြိမ် ပက်ဖျန်းပေးသင့်သည်။

### ၃။ ဆာလဖာ (S) ဓာတ်ချို့တဲ့ခြင်း

ဆာလဖာဓာတ်ချို့တဲ့ပါက အရွက်နုများသည် အစိမ်းဖျော့ရောင်ဖြစ်နေပြီး အရွက်ထိပ်ပိုင်းတွင်

စာမျက်နှာ ၂၇ သို့ ➤

ဗုဒ္ဓံ ဓမ္မံ သံဃံ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040




á စာမျက်နှာ ၂၆ မှအဆက်

ဆဲလ်သေနာကွက်များ တွေ့ရနိုင်သည်။ စပါးပင် တစ်ပင်လုံးအဝါရောင် သို့မဟုတ် အစိမ်းဖျော့ရောင် သို့ပြောင်းနေပြီး အပင်ပု၍ ကြီးထွားမှုရပ်တန့်သွားသည်။ ပင်ပွားနည်း၍ အနှံနှင့်ပန်းခိုင်များ တိုနေတတ်ပြီး ရင့်မှည့်မှု (၁-၂)ပတ်ခန့် နောက်ကျသွားနိုင်သည်။ ပျိုးပင်အဆင့်တွင် ဆာလဖာချို့တဲ့ပါက ပျိုးဘောင်တွင် စပါးပျိုးပင်များ အဝါရောင် သန်းနေပြီး ပြောင်းရွှေ့စိုက်ပျိုးချိန်တွင် ပျိုးပင်သေဆုံးမှုနှုန်း များနိုင်သည်။


**ကုစားနည်း**

ဆာလဖာချို့တဲ့မှုတွေ့ရှိပါက ရွက်ဖျန်းမြေဩဇာ အဖြစ် ရေ ၁ လီတာတွင် ရေပျော်ဆာလဖာအမှုန့် ၅ ဂရမ် ၀ ဒသမ ၅ ရာခိုင်နှုန်းဖျော်၍ ၁၅ ရက်ခြားပြီး နှစ်ကြိမ်ဖျန်းပေးသင့်သည်။ စပါးပျိုးထောင်ရာတွင် ဆာလဖာပါသောမြေဩဇာထည့်သွင်းပေးသင့်သည်။

### ၃။ ပိုတက်စီယမ်(K)ဓာတ်ချို့တဲ့မှုလက္ခဏာများ



ပိုတက်စီယမ်ချို့တဲ့၍ ရွက်နားတစ်လျှောက်တွင်အဝါရောင်အဆင်းများဖြစ်ခြင်း




ပိုတက်စီယမ်ချို့တဲ့နေသောအရွက်နှင့် သာမန်အရွက်နှိုင်းယှဉ်ထားခြင်း

**၄။ ကယ်လ်စီယမ် (Ca) ဓာတ်ချို့တဲ့ခြင်း**

**ချို့တဲ့မှုလက္ခဏာ**

ကယ်လ်စီယမ်ဓာတ်ချို့တဲ့ပါက စပါးပင်၏ အရွက်နုထိပ်ပိုင်းတွင် အရွက်လိပ်ခြင်း၊ အရွက်ကွဲထွက်ခြင်း၊ အရွက်အနားတစ်လျှောက် ဆဲလ်သေနာကွက်များ ဖြစ်ပေါ်ခြင်းတို့ကို တွေ့ရနိုင်သည်။ အောက်အရွက်များ အညိုရောင်သို့ပြောင်းပြီး ချို့တဲ့မှုပြင်းထန်ပါက ကြီးထွားမှုရပ်တန့်ကာ စပါးပင် သေဆုံးသွားနိုင်သည်။

**ကုစားနည်း**

ကယ်လ်စီယမ်ချို့တဲ့မှုတွေ့ရှိပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာတွင် ကယ်လ်စီယမ် ကလိုရိုဒ် ၁၀ ဂရမ် ၁ ရာခိုင်နှုန်းဖျော်၍ ဖျန်းပေးသင့်သည်။ မြေချဉ်ငံကိန်းမြင့်နေသော ကယ်လ်စီယမ် ချို့တဲ့သည့် မြေများတွင် တစ်ဧကလျှင် ဂျစ်ပဆန် ကျောက်မှုန့် ကီလိုဂရမ် ၂၀၀ နှုန်း ထည့်သွင်းပေးသင့်ပါသည်။

**၅။ မဂ္ဂနီစီယမ် (Mg) ဓာတ်ချို့တဲ့ခြင်း**

မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ပါက အောက်အရွက်များ လိမ္မော်ဝါရောင်ပြောင်းပြီး အရွက်ထိပ်ပိုင်း ဖြူသွားသည်ကိုတွေ့ရသည်။ အရွက်များ လှိုင်းတွန့်၍ ငိုက်ကျနေတတ်သည်။ အခြားလက္ခဏာများမှာ အရွက်ရင့်များ အစိမ်းရောင်ပြယ်ပြီး လိမ္မော်ဝါရောင် ပြောင်းကာ နောက်ပိုင်းတွင် အရွက်နုများပါအရောင်ပြောင်း၍ အပင်အရောင်ဖျော့လာသည်။ ချို့တဲ့မှု ပိုမိုပြင်းထန်လာပါက အနှံအရေအတွက် လျော့နည်းပြီး အစေ့ ၁၀၀၀ အလေးချိန် လျော့ကျနိုင်သည်။

**ကုစားနည်း**

မဂ္ဂနီစီယမ်ချို့တဲ့မှုတွေ့ရှိပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာတွင် မဂ္ဂနီစီယမ် ဆာလဖိတ် ၅ ဂရမ် ၀ ဒသမ ၅ ရာခိုင်နှုန်းဖျော်၍ ၁၅ ရက်ခြားပြီး နှစ်ကြိမ်ဖျန်းပေးသင့်သည်။ အပင်အကြွင်းအကျန်နှင့်နွားချေး ထည့်သွင်းပေးသင့်သည်။

**၆။ ပိုတက်စီယမ် (K) ဓာတ်ချို့တဲ့ခြင်း**

ပိုတက်စီယမ် (K) ဓာတ်ချို့တဲ့ခြင်းကို နိုက်ထရိုဂျင်ဓာတ်မြေဩဇာတစ်မျိုးတည်းသာ သုံးစွဲသည့်မြေတွင် (K) ချို့တဲ့မှု တွေ့ရလေ့ရှိသည်။ ကြခင်းများတွင် စိုက်ခင်းထက် (K) ချို့တဲ့မှု တွေ့ရနိုင်သည်။ သဲဆန်သောမြေများတွင် ပိုမိုချို့တဲ့နိုင်သည်။ ပိုတက်စီယမ် (K) ဓာတ်ချို့တဲ့ပါက အပင်ပု၍ အမြစ်များ သန်မာမှုမရှိသောကြောင့် အာဟာရစုပ်ယူမှုကို ဟန့်တားသည်။ အပင်ယိုင်လဲမှုနှင့် ပိုးမွှားရောဂါဒဏ်ကို ပိုခံရသည်။

**ချို့တဲ့မှုလက္ခဏာ**

ပိုတက်စီယမ်ဓာတ်ချို့တဲ့မှုကို အောက်အရွက်များတွင် စတင်တွေ့ရှိရပြီး အရွက်ထိပ်နှင့် အရွက်နားများလောင်ကျွမ်းသည့် ပုံသဏ္ဍာန်တွေ့ရတတ်သည်။ အရွက်နှင့် ပန်းခိုင်ပေါ်တွင် သံချေးညိုရောင်ဖြစ်ပေါ်ပြီး အပင်ပု၍ ပင်ပွားနည်းကာ ပင်စည်သေးသွယ်နေသည်။ ချို့တဲ့မှုပြင်းထန်လျှင် အောက်အရွက်များအဝါရောင်မှအညိုရောင်သို့ပြောင်း၍ အောက်သို့ ကွေးကျနေကာ ရွက်ကြောတစ်လျှောက်တွင် အဝါရောင်အစင်းများ ဖြစ်ပေါ်နေတတ်သည်။ ပိုတက်စီယမ်ဓာတ်အလွန်ချို့တဲ့ပါက စပါးပင်ယိုင်လဲမှု ပိုမိုတွေ့ရှိရတတ်သည်။

**မြင့်မြင့်ထွန်း(စိုက်ပျိုးရေး)**

# ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာနှင့် လူငယ်တို့၏ အနာဂတ်

**အနာဂတ်ကြယ်ပွင့်များ**

လူငယ်တို့သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး တန်ဖိုးထားရမည့် အဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်သည်ဟု နိုင်ငံတိုင်းက သိရှိနားလည် လက်ခံထားကြသည်။ လူငယ်များကို “စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်ရန်လမ်းဖွင့်ပေးခြင်း” စသည်ဖြင့် နည်းလမ်းပေါင်းစုံသုံး၍ ဆောင်ရွက်နေကြသည်။ လူငယ်များအတွက် ရင်းနှီးမြုပ်နှံမှုသည်အနာဂတ်အတွက် မှန်ကန်တည့်မတ်သော ရင်းနှီးမြုပ်နှံမှုဖြစ်သည်။ အချိန်သည် ကုန်ဆုံးတတ်သောအရာဖြစ်သဖြင့် အချိန်တစ်ခုကိုဖြတ်သန်းပြီးသည့်အခါတွင် လူငယ်တို့သည် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရမည်ဖြစ်သည်။ ထိုအချိန်တွင် အရာရာကို ရင်ဆိုင်နိုင်သောခွန်အားများရှိနေစေရေးအတွက် လူငယ်များကို သန်စွမ်းကျန်းမာ၍ လေ့လာသင်ယူမှုအားကောင်းနေသည့်အချိန်တွင် လေ့ကျင့်ပျိုးထောင်ပေးရမည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျဆောင်ရွက်တတ်သည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းကြသည်။ လူငယ်များ၏စွမ်းအားကို မှန်ကန်မျှတစွာ အသုံးချနိုင်မည်ဆိုပါက ခေတ်ကိုအမီလိုက်နိုင်ပြီး ခေတ်ရေစီးကြောင်းပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိကာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုရနိုင်သည်။ သဘာဝသယံဇာတအရင်းအမြစ်များအပါအဝင် သယံဇာတဟူသမျှသည် အကန့်အသတ်နှင့်သာဖြစ်ပြီး အချိန်တစ်ခုရသည့်အခါ ကုန်ခန်းသွားရစမြဲဖြစ်သည်။ ထို့အတွက်ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။ လူသားအရင်းအမြစ်ပိုင်ဆိုင်မှုသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ အလုပ်လုပ်နိုင်သောလူဦးရေနှင့် လူငယ်လူရွယ်ဦးရေများပြားနေသောနိုင်ငံများကို လူဦးရေဆုလာဘ်ရရှိသော နိုင်ငံဟု သတ်မှတ်ကြသည်။ ထိုဆုလာဘ်ကို ပိုင်ဆိုင်ထားသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိပြီး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီးဖြစ်သော နိုင်ငံများဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကြယ်ပွင့်လူငယ်များကိုပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

**အတိအကျသိကြဖို့လို**

လူငယ်သည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်သောရတနာများဖြစ်သည်။ နိုင်ငံအတွင်း လူငယ်လူရွယ်ဦးရေမည်မျှရှိသည်ကိုသိကြဖို့လိုသည်။ သို့မှသာ ထိုလူငယ်များအတွက် လိုအပ်သည့်မူဝါဒများကို မှန်ကန်မျှတစွာ ချမှတ်ပေးနိုင်မည်ဖြစ်သည်။ လူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများသည် လက်ရှိအမှန်တကယ်အခြေအနေနှင့် ကိုက်ညီရန်လိုအပ်သည်။ မူဝါဒချမှတ်သူများအတွက် မှန်ကန်ပြည့်စုံသည့် အရည်အသွေးပြည့်ဝသော စာရင်းအချက်အလက်များလိုအပ်သည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် အခြေခံအချက်အလက်များဖြစ်သည့် “လူဦးရေပိရမစ်၊ လူဦးရေစာရင်း၊ လူဦးရေပြောင်းလဲလာမှု၊ လူဦးရေဖွဲ့စည်းမှုပုံစံ၊ ကျား၊မ အခြေအနေ၊ မွေးဖွားမှု၊ သေဆုံးမှု၊ မျှော်မှန်းသက်တမ်း၊ စာတတ်မြောက်မှု၊ ကျောင်းတက်ရောက်မှု၊ လုပ်သားအင်အားပါဝင်မှု၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားခြင်း” စသည့် အချက်အလက်များကို သန်းခေါင်စာရင်းကောက်ယူမှုသာရနိုင်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်သည် လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာငွေ၊ နည်းပညာတို့ကိုအသုံးပြု၍ စနစ်တကျစီမံကိန်းချရေးဆောင်ရွက်ရသည်ဆိုသော်လည်း ထိုရလဒ်များက နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်ပေ။ နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့်မူဝါဒများကို ချမှတ်ရာတွင် ပြည်သူတို့၏ ပကတိဘဝအခြေအနေများကို သိရှိဖို့လိုသည်။ အစိုးရတစ်ရပ်အနေဖြင့် အောက်ခြေပြည်သူတို့၏ပကတိအခြေအနေမှန်ကို သိရှိရန်က မလွယ်ကူပေ။ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့ကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ဥပမာ “ပညာရေး၊ ကျန်းမာရေး” စသည့် အချက်အလက်များကို သိရှိနိုင်ဖို့ကလည်း အလွန်ခက်ခဲလှသည်။ စာရင်းအင်းအချက်အလက် ကွက်လပ်မှန်သမျှကိုကောင်းမွန်မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်သည်က သန်းခေါင်စာရင်းပင်ဖြစ်သဖြင့် နိုင်ငံတိုင်းက သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ကြသည်။ သန်းခေါင်စာရင်းအချက်အလက်နှင့်အတူ ကွဲကူးရေပါ ပါဝင်လာသည့် နိုင်ငံအနာဂတ် မျိုးဆက်သစ်လူငယ်များနှင့် သက်ဆိုင်သည့် အချက်အလက်များကလည်း အလွန်တန်ဖိုးရှိလှသည်။

**မြန်မာနှင့်သန်းခေါင်စာရင်း လုပ်ငန်းစဉ်**

မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ် မှ ၁၉၄၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌သန်းခေါင်စာရင်းရှစ်ကြိမ်ကောက်ယူခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုကောက်ယူခဲ့သည့် ရည်ရွယ်ချက်များအနက် “၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်ရန်၊” ဆိုသည့် အချက်ပါဝင်သည်။ ထိုအချက်သည် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားအရင်းအမြစ်များ၏ပကတိအခြေအနေမှန်ကို ရှာဖွေဖော်ထုတ်၍ ကောင်းမွန်စွာအသုံးချသွားမည်ဆိုသည့် အချက်ပင်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်သည် နည်းပညာဆိုင်ရာစိန်ခေါ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာလိုအပ်ချက် စသည်တို့ရှိနေသော်လည်း ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျအသုံးချ၍ ဆောင်ရွက်သွားသည်ကိုတွေ့ရသည်။ အခက်အခဲများစွာရှိနေခဲ့သော်လည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်က ဂုဏ်ယူစရာပင်ဖြစ်သည်။ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၄ သန်းခေါင်စာရင်းအစီရင်ခံစာပါ အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှု၊ အနာဂတ်မျိုးဆက် လူငယ်များအတွက် မူဝါဒများ ချမှတ်ခြင်းတို့အတွက် အထောက်အကူဖြစ်နေမည်သာဖြစ်သည်။

**ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တို့၏အခန်းကဏ္ဍပါဝင်မှုကို လေ့လာကြည့်သည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်ဆိုသည့် အချက်များကိုတွေ့ရသည်။ “နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်”ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံက ပြင်ဆင်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရသည်။ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လာနိုင်စေရန်အတွက် ကွက်လပ်မရှိဆောင်ရွက်နေသည်ကိုလည်းတွေ့ရသည်။ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် လူငယ်ရေးရာဦးစီးဌာနကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လက်အောက်တွင်ဖွဲ့စည်းခဲ့သည်ကိုတွေ့ရသည်။

**လူဦးရေဆုလာဘ်နှင့်နိုင်ငံ့အနာဂတ်**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၄ သန်းခန့်ရှိသည်ကိုတွေ့ရသည်။ အသက် ၁၄ နှစ်ထိ လူဦးရေမှာ လူဦးရေ စုစုပေါင်း၏ ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ အသက် ၁၅ နှစ်မှ ၆၄ နှစ်ထိ လူဦးရေ ၆၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ဟုသိရသည်။ အလုပ်လုပ်နိုင်သူဦးရေများပြားနေခြင်းသည် နိုင်ငံတော်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေဆုလာဘ်ရရှိနေသည့် အခြေအနေပင်ဖြစ်သည်။ ထိုအခြေအနေကို ကောင်းမွန်စွာအသုံးချနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် မူဝါဒ၊ စီမံကိန်းများကို ချမှတ်ဆောင်ရွက်သွားမည်သာဖြစ်သည်။ အလုပ်လုပ်နိုင်သူဦးရေ ၆၆ ဒသမ ၉ ရာခိုင်နှုန်းအနက်မှလူငယ်လူရွယ်များကို အဓိကထား၍ ဆောင်ရွက်နိုင်မည်ဆိုပါကလည်း ပို၍ပင်ထိရောက်နိုင်မည်ဖြစ်သည်။

**ပညာပြည့်ဝသူများ**

လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်တည့်မတ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး ပညာဉာဏ်ပြည့်ဝ၍ နှလုံးရည်လှသူများဖြစ်ဖို့လိုသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာအရ အသက် ၁၅နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရသည်။ အသိပညာ အတတ်ပညာတို့ကို အပတ်တကုတ်လေ့လာလိုက်စား၍ ဘဝအမှားများကိုရှောင်ရှားကာ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကိုသယ်ပိုးနိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာမည့် သဘောပင်ဖြစ်သည်။ ပညာတတ်သောလူငယ်များ၏လက်ထက်တွင် နိုင်ငံတော်၏ အနာဂတ် ယခုထက်ပို၍ တိုးတက်ကောင်းမွန်လာမည်ပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကို မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး တည့်မတ်ပေးရန်သာလိုသည်။ လူဦးရေဆုလာဘ်ရရှိနေသည်ဟု ဆိုနိုင်သည့်အခြေအနေတွင် နိုင်ငံတော်ကလည်း မျိုးဆက်သစ်လူငယ်များကို ဗလငါးတန်ဖွံ့ဖြိုးရေးကအစပြု၍ နိုင်ငံ့သားကောင်းများဖြစ်လာစေရေးလေ့ကျင့်ပေးနေသဖြင့် မြန်မာ့အနာဂတ်သည် ယခုထက်ပို၍တိုးတက်ဖို့သာရှိသည်။

**အနာဂတ်ကို ပုံဖော်ခြင်း**

မကြာမီကာလတွင်မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်သည်။ ထိုအချိန်ကာလသည်လည်း လူငယ်များအတွက်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခြေအနေပင်ဖြစ်သည်။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် လူငယ်များသည် ဆန္ဒမဲပေးပိုင်ခွင့်ရရှိပြီးအနာဂတ်နိုင်ငံတော်ပုံဖော်ရာတွင် ကောင်းမွန်စွာပါဝင်နိုင်ကြမည်ဖြစ်သည်။ တစ်ဖက်တွင် လူဦးရေ ဆုလာဘ်အရ နိုင်ငံတော်တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိနေသည့်ကာလတွင် လူငယ်များကလည်း နိုင်ငံသားတာဝန်ကျေပွန်ကြဖို့လိုသည်။ သန်းခေါင်စာရင်းအစီရင်ခံစာအရ ပေါ်ထွက်လာသောဆုလာဘ်များကို ရယူနေသည့်အချိန်၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ကို မှန်ကန်တည့်မတ်စွာ ပုံဖော်ပေးနေသည့်ကာလတွင် မျိုးဆက်သစ်လူငယ်များက နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်စွာ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**❖ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်တည့်မတ်စွာပါဝင်ဆောင်ရွက်နိုင်ရေး ပညာဉာဏ်ပြည့်ဝ၍ နှလုံးရည်လှသူများဖြစ်ဖို့လိုသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရသည်။ အသိပညာအတတ်ပညာတို့ကို အပတ်တကုတ်လေ့လာလိုက်စား၍ ဘဝအမှားများကိုရှောင်ရှားကာ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကိုသယ်ပိုးနိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာမည့် သဘောပင်ဖြစ်သည်။ ❖**

**ကိုးကား**

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာ၊
- နေ့စဉ်ထုတ်သတင်းစာများ။

**ဘုန်းသန့်စင်**

# ချောင်းဆိုးသံများကပြောပြသော သင့်ကျန်းမာရေးအကြောင်း

**ပေါက်ပေါက်**

**ချောင်း ဘာကြောင့် ဆိုးရတယ်**

ကျား၊ မ အသက်အရွယ်ပိုင်းခြားမရွေး ချောင်းဆိုးတတ်ကြပါတယ်။ လည်ပင်ရောင်ခြင်း၊ လည်ချောင်း၊ အသံအိမ်၊ လေပြွန်ငယ်များနဲ့ အဆုတ်အတွင်း မအီမသာဖြစ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ခန္ဓာကိုယ်၏ တုံ့ပြန်မှုကို "ချောင်းဆိုးတယ်"လို့ခေါ်ပါတယ်။

ချောင်းဆိုးခြင်းအမျိုးမျိုးရှိပါတယ်။ ထိုချောင်းဆိုးသံကို နားထောင်ကြည့်ခြင်းဖြင့် မည်သည့်အတွက်ကြောင့် ချောင်းဆိုးရခြင်းကို ပိုင်းခြားဝေဖန်နိုင်ပါတယ်။

**(၁) ချောင်းခြောက်ဆိုးခြင်း**

ချောင်းခြောက်ဆိုးခြင်းကို ဆေးသိပ္ပံနည်းအရ Chronic Dry Cough လို့ ခေါ်ပါတယ်။ ရာသီဥတုအပြောင်းအလဲကြောင့် အပူ အအေး မမျှတခြင်း၊ လေထုခြောက်သွေ့ခြင်း ဒါမှမဟုတ် စိုထိုင်းခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ လေပြွန်ပွခြင်းတို့ကြောင့် ချောင်းခြောက်ဆိုးခြင်းဖြစ်လာရပါတယ်။ ချောင်းခြောက်က တော်တော်နှင့် အမြစ်ပြတ်ပျောက်သွားတာမျိုးမဟုတ်ဘဲ၊ ပေါ်လိုက်ပျောက်လိုက်ဖြစ်တတ်သော နာတာရှည်ချောင်းဆိုးရောဂါဖြစ်ပါတယ်။ အထူးသဖြင့် နေ့ဘက်တွေမှာ ပိုဆိုးလေ့ရှိပြီး၊ တစ်ကြိမ်ဆိုးလျှင် သုံးမိနစ်ကနေ ၁၀ မိနစ်ခန့်ထိ ဆက်တိုက်ချောင်းဆိုးလေ့ရှိပါတယ်။

အိမ်တွင်းကုထုံးများမှာ (က) ငရုတ်ကောင်းဆယ်စေ့ကို သောက်ရေတစ်ဖန်ခွက်ဖြင့် ပြုတ်ပါ။ ရေထက်ဝက်ခန့် ကျသွားတဲ့အခါ မီးဖိုပေါ်မှချ၍အထဲက ငရုတ်ကောင်းစေ့တွေကို ဖယ်ပါ။ ပြီးလျှင် ၎င်းပြုတ်ရည်ထဲကို ပျားရည်တစ်ဇွန်းခန့်ထည့်၍ ခပ်နွေးနွေးအချိန်မှာ သောက်ပေးပါ။ (ခ) ချင်းပြုတ်ရည်ထဲကို ပျားရည်ထည့်သောက်ပါ။ (ဂ) ပင်စိမ်းရွက်ကို ရေနွေးစိမ်၍ သောက်ပါ။ (ဃ) ဖီးကြမ်းငှက်ပျောသီးကို ငရုတ်ကောင်းမှုန့်နှင့်တို့ စားပါက သလိပ်ထွက်လာပြီး ချောင်းခြောက်ဆိုးခြင်းကို ပျောက်ကင်းစေပါတယ်။ (င) ဣသရမူလီပင်၏ အရွက်ညှစ်ရည်(သတ္တုရည်) ထမင်းစားဇွန်းတစ်ဇွန်းကို ဆားမီးဖုတ် အနည်းငယ်ရော၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ်သောက်ပါ။ (စ) ဖရဲသီးဖျော်ရည်ကိုဆားခတ်ပြီးသောက်ပါ။ (ဆ) မဲဇလီဖူးအခါးက အသက်ရှူပြွန်ရောင်၍ ချောင်းခြောက်ဆိုးခြင်းကိုသက်သာပျောက်ကင်းစေပါတယ်။ (ဇ) လိမ္မော်သီးထဲမှာပါတဲ့ ဗီတာမင်ဒီဓာတ်ပေါင်းစုတွေဟာ အရောင်ကျစေတဲ့ အာနိသင်ရှိတာကြောင့် ပန်းနာရင်ကျပ်၊ တီဘီအဆုတ်နာ၊ ချောင်းခြောက်၊ အဆုတ်ရောင်၊လေပြွန်ရောင်၊အစာမျိုပြွန်ခံတွင်း၊လည်ချောင်းနာခြင်းစတဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာတွေကို ပျောက်ကင်းစေပါတယ်။ (ချိုသောလိမ္မော်သီးမဟုတ်ပါ)

**(၂) လည်ချောင်းထဲကယားပြီး ချောင်းဆိုးခြင်း**

ဤချောင်းဆိုးခြင်းကလဲ ချောင်းခြောက်လိုပါပဲ ချွဲမရှိဘဲ ဆိုးနေတာမျိုးဖြစ်ပါတယ်။ ရာသီဥတုအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ဗိုင်းရပ်တုပ်ကွေးကြောင့် နှာရည်ယိုလာပြီး ၎င်းနှာရည်များကို လည်ချောင်းထဲ မျိုချမိရာမှစ၍ ချောင်းဆိုးခြင်းကို ဖြစ်လာရပါတယ်။ ကိုယ်ခံအားနည်းသူတွေ၊ လူအုပ်ထဲကိုသွားလာနေကြရသူတွေမှာ အဖြစ်များတာကို တွေ့ရပါတယ်။

အိမ်တွင်းကုထုံးများမှာ (က) ပန်းဂေါ်ဖီစိမ်း အပါအဝင် အစိမ်းရောင်ဟင်းရွက်တွေ များများစားပေးပါ။ (ခ) အဝါရောင်သီးနှံတွေဖြစ်ကြတဲ့ လိမ္မော်သီးနဲ့ သံပုရာသီးတို့ကို ဖျော်ရည်အဖြစ်သော်လည်းကောင်း၊ လိမ္မော်ခွံ သို့မဟုတ် သံပုရာခွံတို့ကို ရေနွေးစိမ်၍သော်လည်းကောင်း သောက်ပါ။ (ဂ) ဗီတာမင်စီနဲ့ ဗီတာမင်ဒီ အားဆေးမှီဝဲပါ။ (ဃ) အသက်ရှူလမ်းကြောင်းမှ ကူးစက်ပိုးတွေကို ၂၀ ရာခိုင်နှုန်းခန့် ကာကွယ်ပေးနိုင်တဲ့ Actimel (ခေါ်) ပဋိဇီဝဆေးကြိုတင်သောက်သုံးပါ။ (င) ရေနွေးဖြင့် ပလုတ်(အာလုတ်)ကျင်းခြင်းက လည်ချောင်း၊ လည်မျိုတို့မှ အချွဲအကျိနဲ့ ဗိုင်းရပ်တွေကို သန့်စင်ပေးသဖြင့် ချောင်းဆိုးခြင်းကို သက်သာစေပါတယ်။ (စ) အအေးမိတုပ်ကွေးနှင့် ချောင်းဆိုးခြင်းအတွက် ချင်းပြုတ်ရည်က အကောင်းဆုံးဆေးတစ်ခွက်ဟု တရုတ်ဆေးသုတေသီများက ဆိုထားပါတယ်။ (ဆ) လက်ဖက်ရည်ကြမ်းသောက်ခြင်းက တုပ်ကွေးဖြစ်စေတဲ့ ဗိုင်းရပ်ပိုးတွေကို နှိမ်နင်းနိုင်ပါတယ်။ (ဇ) ယူကလစ်ပင်၏အဆီဟာ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်း



အတွက် ပိုးသတ်ဆေးအဖြစ် အလွန်အသုံးတည့်တာကြောင့်လဲ ယူကလစ်ဆီကို ရှူဆေးအဖြစ်လည်းကောင်း၊ ယူကလစ်ပင် အရွက်နဲ့ကိုင်းတို့ကို ရေနွေးဖြော ရေချိုး၍လည်းကောင်း အီတလီနိုင်ငံရိုးရာကုထုံးများတွင် အသုံးပြုလေ့ရှိပါတယ်။ (ယူကလစ်ဆီအစား ထင်းရှူးဆီကို သုံးနိုင်ပါတယ်)။ (ဈ) မိမိအိမ်နဲ့ ပတ်ဝန်းကျင်ကို စိုစွတ်ထိုင်းမှိုင်းမှုမဖြစ်အောင်၊ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ဝင်အောင်၊ မှိုနံ့ပျောက်အောင် အထူးဂရုပြုပေးပါ။ (ည) ပျားရည်သံပုရာပေါင်းစားပါ သို့မဟုတ် သံပုရာရည်ကို ပျားရည်ဖြင့် ရော၍လျက်ပါ။ (ဋ) ကျောက်ဖရုံသီးစားပါ။

**(၃) အသံအကျယ်ကြီးဖြင့် နားနားပြီး ချောင်းဆိုးခြင်း**

အသက်ရှူကျပ်တဲ့ ကြက်ညှာချောင်းဆိုးရောဂါဖြစ်ပါတယ်။ ညဘက်မှာအဆိုးများပြီး နေ့ဘက်မှာလဲ ပြတ်တောင်းပြတ်တောင်း ဆိုးတတ်ပါသေးတယ်။

အိမ်တွင်းကုထုံးများမှာ (က) ယူကလစ်ပင်အရွက်ကို ပွတ်ချေ၍ ရှူပေးပါ သို့မဟုတ် ရေနွေးဇလုံကြီးထဲကို ယူကလစ်ဆီ အစက်ချရှူပေးပါ။ (ခ) မုရားကြီးရွက်နုကိုကြိတ်၍ ရလာသောအရည်အား ဝိုင်အရက်နှင့်သော်လည်းကောင်း၊ ပျားရည်နှင့်သော်လည်းကောင်း သောက်ခြင်းဖြင့် ကြက်ညှာချောင်းဆိုးရောဂါ ပျောက်စေပါတယ်။ (ဂ) လေးညှင်းပွင့်ကို မီးနှင့်လှော်၍ကြိတ်ပြီး ပျားရည်နှင့် ရောသောက်ပါ။

**(၄) တဟွတ်ဟွတ်ချောင်းဆိုးခြင်း**

ကလေးတွေမှာ အဖြစ်များတဲ့ ချောင်းဆိုးရောဂါဖြစ်ပါတယ်။ လေပြွန်ဖောင်းပွခြင်းကြောင့် ချောင်းဆိုးရပါတယ်။ အထူးသဖြင့် နံနက်အိပ်ရာထခါစမှာ ဆိုးလေ့ရှိပြီး၊ အဝါရောင် သို့မဟုတ် အစိမ်းရောင် သို့မဟုတ် ဖြူရော်ရော် ချွဲသလိပ်တွေထွက်ပါတယ်။ ချောင်းဆိုးတဲ့အခါတိုင်း ရင်ခေါင်းထဲက အောင့်ကာ၊ အာသီးရောင်ခြင်းနှင့် နှာခေါင်းပိတ်၍ ပါးစပ်နဲ့အသက်ရှူရပါတယ်။

အိမ်တွင်းကုထုံးများမှာ (က) အိပ်ရာထဲမှာအနားယူပါ။ (ခ) ချွဲသလိပ်ကျဲစေဖို့နဲ့ ရေဓာတ်ခန်းခြောက်ခြင်းမှ ကာကွယ်ရန်အတွက် အရည်များများသောက်ပါ။ (ဂ) ရေနွေးနွေးထဲသို့ ဆားထည့်၍ ပလုတ်(အာလုတ်)ကျင်းပါ။ (ဃ) ပျားရည်ကို နနွင်းမှုန့် သို့မဟုတ် သံပုရာရည် သို့မဟုတ် ကြက်သွန်နီအရည်တို့ဖြင့် ရော၍လျက်ပေးပါ။ (င) ချင်းပြုတ်ရည်ထဲသို့ ပျားရည်ထည့်သောက်ပါ သို့မဟုတ် ချင်းစားပါ။ (စ) စပါးလင်၊ သစ်ကြံပိုးခေါက်၊ သံပုရာသီးအခွံတို့ကလဲ လေပြွန်ဖောင်း၍ ချောင်းဆိုးခြင်းအတွက် အကောင်းဆုံးဆေးများဖြစ်ပါတယ်။ (ဆ) တစ်ညသိပ်စိမ်ထားသော ကန်စွန်းရွက်အရည်ကို ပျားရည်ဖြင့်သောက်ပါ။ (ဇ) ကန်စွန်းရွက်ကို သုပ်စားပါ။ နွယ်ချိုစားပါ။ ချဉ်ပေါင်ခါးစားပါ သို့မဟုတ် ချဉ်ပေါင်ဖူးဖျော်ရည်သောက်ပါ။ (ဈ) ငရုတ်သီး၊ ကင်ပွန်းချဉ်သီး၊ ကင်ပွန်းချဉ်ပွင့်၊ ကန့်ချုပ်ဖြူပင်၊ ကနဖော့ရွက်၊ ပေါက်ပင်တို့က ချွဲသလိပ်တို့ကို ကျေစေပါတယ်။ (ည) ကြိတ်မှန်ပင်ကို အမြစ်ပါမကျန် အပင်တစ်ပင်လုံးကို ကြိတ်၍ရရှိလာသောသတ္တုရည် နှစ်စက်ခန့်ကို ပျားရည်နဲ့ရော၍ မွေးကင်းစကလေးများကို တိုက်ကျွေးပေးခြင်းဖြင့် နှာစေးချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းစေပါတယ်။ (ဋ) ကျီးအာပင်အမြစ်ကိုသွေး၍လျှာတွင်ပွတ်ပေးပါက တခဏတွင်းမှာပင် သလိပ်ကျေစေပါတယ်။ (ဌ) လိမ္မော်ရွက်လေးရွက်ကို ဆူအောင်ကျိုပြီးနောက် အအေးခံပါ။ ပြီးနောက် အရွက်များကို ဖယ်ရှားပြီး ခပ်နွေးနွေးအရည်ကို တစ်နေ့သုံးကြိမ်သောက်ပါ။

**(၅) ချွဲကပ်၍ ချောင်းဆိုးခြင်း**

ခံတွင်းထဲမှာ ပျော့ရွှတ်ရွှတ် ခါးသက်သက်အရသာဖြစ်လေ့ရှိပါတယ်။ စကားပြောရင်း ဖြစ်စေ၊ ရီ(ရယ်)မောရင်းဖြစ်စေ၊ သီချင်းဆိုရင်းဖြစ်စေ၊ ဆီပါသောအစားအစာများကို စားသောက်နေစဉ် တံတွေးသီးခြင်းကြောင့်ဖြစ်စေ စသည်တို့ကြောင့် ချွဲကပ်၍ ချောင်းဆိုခြင်းကိုဖြစ်လာရတယ်။ လေ့လာဆန်းစစ်မှုမှတ်တမ်းများအရ သက်ကြီးရွယ်အိုတွေမှာ အစာအိမ်အက်ဆစ်အထွက်များခြင်းကြောင့် ချွဲကပ်ခြင်းကိုဖြစ်စေပါတယ်။ လည်မျိုကင်ဆာရောဂါသည်တွေမှာလဲ မကြာခဏ ချွဲကပ်လေ့ရှိပါတယ်။

အိမ်တွင်းကုထုံးများမှာ (က) ရေနွေး တစ်ဝက်ထည့်ထားတဲ့ ဖန်ခွက်ထဲကို ဆော်ဒါမှုန့်လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်၍သောက်ပါ။ (ခ) ပန်းသီးရှာလကာရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်း သို့မဟုတ် နှစ်ဇွန်းခန့်သောက်ပါ။ (ဂ) ရေနွေးကြမ်းထဲကို ပျားရည် သို့မဟုတ် သံပုရာရည်ထည့်သောက်ပါ။ (ဃ) ထမင်းစားပြီးနောက် နာရီဝက်ခန့်အကြာမှာ အနီရောင်ပန်းသီးတစ်လုံးစားပါ။ (င) စိုင်သားစားပါ။

**(၆) တရှီးရှီးမြည်သံဖြင့် ချောင်းဆိုးခြင်း**

ပန်းနာရောဂါ၊ ရင်ကျပ်ခြင်း၊ လေပြွန်ရောင်ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ တစ်ညလုံး သို့မဟုတ် နံနက်အိပ်ရာထခါစမှာ ပို၍ချောင်းဆိုးလေ့ရှိပါတယ်။ ၎င်းဝေဒနာသည်တွေမှာ ပန်းဝတ်မှုန်ဓာတ် မတည့်ခြင်းကိုလဲ ဖြစ်စေပါတယ်။

အိမ်တွင်းကုထုံးများမှာ (က) ကင်းပုံသီး(အခါး)ကို များများစားပေးပါ။ သလိပ်ရှင်ဆေးအဖြစ် အမြစ်ပါမကျန် အပင်တစ်ပင်လုံးကိုပြုတ်၍ သောက်ပေးနိုင်ပါတယ်။ (ခ) စိမ်းစားဥစားပါ၊ အထူးသဖြင့် ကလေးငယ်တွေ ပန်းနာရင်ကျပ်ရောဂါကို လျော့ပါးသက်သာလာစေနိုင်ပါတယ်။ (ဂ) ကျောက်ဖရုံပင်၏ အမြစ်ကို အခြောက်လှန်း အမှုန့်ပြုလုပ်ပြီးနောက် ထိုအမှုန့်ကို ရေနွေးဖြင့်သောက်ပါ။ (ဃ) ကင်ပွန်းချဉ်ရွက်ကို ငါးများဖြင့်ရောချက်စားပေးပါ။ (င) ကွမ်းရွက်ညှစ်ရည်ထဲကို ချင်း(ဂျင်း)ပြုတ်ရည်နှင့် သိန္ဓောဆားအနည်းငယ်ထည့်သောက်ပါ သို့မဟုတ် ချင်းစားပါ။ (စ) ကွမ်းရွက်ခြောက်ကို ရေနွေးဖြင့် စိမ်သောက်ပါ (နောက်တစ်နည်း) ကွမ်းရွက်စိမ်းကို အရည်ညှစ်ပြီး တစ်ဇွန်း၊ ပျားရည်တစ်ဇွန်း၊ ဆားအနည်းငယ် ထည့်သောက်ပါ။ (ဆ) မုန်ညင်းဆီထဲ စိမ်ထားတဲ့ကွမ်းရွက်ကို ပူနွေးအောင်ကင်ပြီး အေးသွားချိန်မှာ ရင်ဘတ်ပေါ်ကပ်ပေးပါ။ (ဇ) နာနတ်သီးစားပါ။ (ဈ) ပျားရည်ဆယ်စက်ထဲသို့ ကြက်ဟင်းခါးသီး သတ္တုရည်တစ်ဆ၊ ရေလေးဆရော၍ သောက်သုံးပါ။ (ည) ခွေးတောက်ရွက်၊ ကြိတ်မှန်ရွက်တို့ကို စားပါ။ (ဋ) ပင်စိမ်းရွက်အခြောက်ကို မီးမြှိုက်၍ ရှူရှိုက်ပေးပါ။ (ဌ) ပဲစင်းငုံကို တစ်နေ့ နို့ဆီဘူးတစ်ဘူး ဆားခပ်၍ပြုတ်စားပါ။ (ဍ) ပျားရည်ရနံ့ကိုရှူရှိုက်ပါ သို့မဟုတ် ရေနွေးပူပူတစ်ခွက်ထဲမှာ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းရောဖျော်၍ တစ်နေ့သုံးကြိမ် စုစုပေါင်းသုံးခွက်သောက်ပါ။ (ဎ) သဖန်းသီးအခြောက်ကို ရေနွေးစိမ်၍ တစ်ညသိပ်ထားပါ။ နံနက်အိပ်ရာထ ထိုစိမ်ထားသောရေကို သောက်ပေးပါ။ (ဏ) သံပုရာရည်သောက်ပေးခြင်းကလဲ ထူးခြားသက်သာစေပါတယ်။ (တ) ချင်းနဲ့ပဲနံ့သာပင်ပြုတ်ရည်ထဲကို ပျားရည်ခတ်၍ နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ်သောက်ပါ။ (ထ) ကြက်သွန်ဖြူဆယ်မွှာကို နွားနို့ ၃၀ မီလီလီတာဖြင့်ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ သို့မဟုတ် ရေနွေးဆူဆူမှာ ကြက်သွန်ဖြူလေးမွှာခပ်၍ ငါးမိနစ်ခန့်အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပါ။ (ဒ) မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့ စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ အသက်ရှူလမ်းကြောင်း ပုံမှန်အတိုင်း ပွင့်လာပါလိမ့်မယ်။

**(၇) ပြင်းပြင်းထန်ထန်ချောင်းဆိုးခြင်း**

အသံပြွန်နှင့် အသက်ရှူလမ်းကြောင်း ကျဉ်းမြောင်းလာခြင်းကြောင့်ဖြစ်ပါတယ်။ ချောင်းဆိုးရင်း သွေးပါခြင်း၊ အစာမစားနိုင်ခြင်း၊ ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းခြင်း၊ အသက်ပြင်းပြင်းရှူလိုက်တိုင်းမှာ အဆုတ်နေရာက အောင့်ခြင်း စသည်တို့ဖြစ်ပေါ်လာပါက အဆုတ်ကင်ဆာရောဂါနှင့် ဆက်စပ်မှုရှိနေ၍ မပေါ့ဆသင့်ပါ။

အိမ်တွင်းကုထုံးများမှာ (က) လတ်ဆတ်သောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကို စားပါ။ (ခ) မြေပဲမစားရ။ (ဂ) နို့နှင့် နို့ထွက်ပစ္စည်းများကို ရှောင်ပါ။ (ဃ) ပဲပိစပ် မစားရ။ (င) သကြား၊ အကြော်အလှော်များ၊ အဆီအနှစ်များ မစားရ။ (စ) ဆေးလိပ်၊ အရက်များ ရှောင်ပါ။ (ဆ) ကော်ဖီကို အနည်းငယ်သာ သောက်သင့်ပါတယ်။ (ဇ) အစိမ်းရောင်ပဲများ စားပေးနိုင်ပါတယ်။ (ဈ) Glycrrhizins နှင့် flavonoids ဓာတ်များပါတဲ့ ဆေးဝါးများ သောက်သုံးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်း ရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ IBEC ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးလင်းအောင်၏ သမီး မအိမ့်ကြည်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၅-၆-၂၀၀၈ ဖြစ်ပါကြောင်း။ မအိမ့်ကြည်ဖြူ၊ ၁၅-၆-၂၀၀၈

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တရုတ်စုအလက(ခွဲ)တွင် ပညာသင်ကြားနေသော (ဘ) ဦးရမ်ခိုလက်၏သမီး Grade-9 မှ မဟွိုင်ကြင်ဌေး (ခ) မဟွိုင်ကျိုင်ဌေး (ခ) မဟွိုင်ကျင်ဌေးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မဟွိုင်ကြင်ဌေး (ခ) မဟွိုင်ကျိုင်ဌေး (ခ) မဟွိုင်ကျင်ဌေး

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ (၅/ကလတ(နိုင်)၀၉၂၇၃၂)ကိုင်ဆောင်သူ ဒေါ်ယုဇာမွန်၏ ဖခင်အမည်မှာ ဦးခင်မောင်စန်း (ခ) ဦးမောင်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်မောင်စန်း (ခ) ဦးမောင်သန်း
(၈/ပဖန(နိုင်)၁၀၉၅၉၁)

## မြေငှားဂရန်ထုတ်ယူရန် ကိုယ်စားလှယ်လွှဲပြောင်းပြီးကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်နေ (ဘ) ဦးထွန်းကြည်၏ သမီးဖြစ်သူ ဒေါ်မူမူမြင့်(၅/ကလန(နိုင်)၀၀၂၅၆၁)ပိုင်ဆိုင်သော ပျဉ်းမမြိုင်ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(၁၅၉၂)နှင့် (၁၆၇၅)တို့အား မြေငှားဂရန်ချထားပြီး၍ အဆိုပါမြေငှားဂရန်အား ထုတ်ယူရန်အတွက် ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်နေ ညီမအရင်းဖြစ်သူ ဒေါ်သိင်္ဂီထွန်း(၅/ကလန(နိုင်)၀၀၂၆၀၄)အား ကိုယ်စားလှယ်လွှဲပြောင်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျွန်းလှမြို့

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများမဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၉ ရက်တွင်ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ
## အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူ တစ်ခဲနက်ပါဝင်ဆင်နွှဲ



နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ညနေပိုင်းမှ စတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည် တန်ဆောင်တိုင်ပွဲတော်ကြီး၏ပထမဆုံးရက်ဖြစ်သော်လည်း ဘုရားမုခ်ဦးအပြင်ဘက် ကားရပ်နားဝင်းနေရာများ၌ နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများများပြားလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးကာ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

## နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ

စာမျက်နှာ ၂၁ ကော်လံ ၁ ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ နိုဝင်ဘာ ၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

